ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 18 July 2018 ၉၃၅၁



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်
## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အထောက်အပံ့ပြုနိုင်ရေးဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်

**စာမျက်နှာ ၂ ကော်လံ ၃ သို့** ☆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof.Dr.Surakiart Sathirathai ဦးဆောင်သည့် အဖွဲ့ဝင်ရှစ်ဦးတို့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ယင်းသို့တွေ့ဆုံစဉ် အကြံပေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းအစီအစဉ်များကို အကြံပေးအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးအဖွဲ့၏ ပထမနှင့် ဒုတိယအကြိမ် ခရီးစဉ်များအပြီး ထုတ်ပြန်ခဲ့သော

**စာမျက်နှာ ၂ ကော်လံ ၄ သို့** ○

**ထစ်ချုန်းမိုး**
(၁၈-၇-၂၀၁၈)

**နေပြည်တော်**
မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နှစ်ပေါင်းများစွာ စာပေနယ်တွင်ကျင်လည်ခဲ့သူ စာပေသမားတစ်ဦးပြောသော ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရများ
စာမျက်နှာ » ၆

ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆု ဆရာကြီးဒေါက်တာသန်းဦး(ပြည်စိုးမင်း)ရရှိ
စာမျက်နှာ » ၁၉



ကြေးမုံ

# မြန်မာအမျိုးသား အာဇာနည်

**ဒုလ္လဘော ပုရိသဇညော၊ န သော သဗ္ဗတ္ထဇာယတိ**
**ယတ္ထ သော ဇာယတိ ဓိရော၊ တံ ကုလံ သုခ မေဓတိ။**
**(ဓမ္မပဒ ပါဠိ၊ ဗုဒ္ဓဝဂ်)**

လူယောက်ျားမြတ် အာဇာနည်ဟူသည် လွန်စွာဖြစ်ခဲ၊ ရခဲလှ၏။

အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသော ထိုအာဇာနည်ယောက်ျားမျိုးသည် အကြင်သို့သော တိုင်းနိုင်ငံ၊ အကြင်သို့သော အရပ်ဒေသ၊ အကြင်သို့သောလူမျိုး၌ တစ်ရံတစ်ဆစ် ဖြစ်ထွန်းလာသည် ဖြစ်လေအံ့။ ထိုတိုင်းနိုင်ငံ၊ ထိုအရပ်ဒေသ၊ ထိုလူမျိုးသည် ချမ်းသာခြင်း ရှိသည်ဖြစ်၍ ကြီးပွားလေ၏ ဟူ၍ ဓမ္မပဒ ပါဠိ၊ ဗုဒ္ဓဝဂ်တွင် ဖော်ပြထားသည်နှင့်အညီ ကျွန်ုပ်တို့ မြန်မာပြည်တွင် အာဇာနည်ယောက်ျား အလွန်ထင်ရှားသည့်ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ဖူးပါသည်။

မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများသည် ထိုထိုယောက်ျား အာဇာနည်ကြီးများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် ယောက်ျားအာဇာနည်များ ပေါ်ပေါက်ခဲ့ဖူးသည့်အနက် ဗိုလ်ချုပ်အောင်ဆန်းသို့သော အာဇာနည်သည် ၂၀ ရာစုခေတ်တွင် ပေါ်ပေါက်ခဲ့သော ထူးခြားသည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော တကယ့်အာဇာနည်မြောက်သည့် ပုဂ္ဂိုလ်သည်ကား မတစ်ထောင် တစ်ကောင်ဘွား ရှာမှရှားသည့် မြန်မာအမျိုးသားဟု ဆိုရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများအား နိုင်ငံရေးအာဏာကို ပြည်သူလူထုထောက်ခံမှုဖြင့် ရယူနိုင်ရန် မကြိုးပမ်းဘဲ မလျော်ကန်သော အကောက်ဉာဏ်ဖြင့် လက်နက်အားကိုး အချောင်ရယူလိုသည့် အကြမ်းဖက်လူသတ်ဝါဒကိုကိုင်စွဲ၍ ဖျက်ဆီးနင်းချေလိုသောလုပ်ရပ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် မြန်မာအမျိုးသားအာဇာနည်များ ဝမ်းနည်းကြေကွဲဖွယ် ဆုံးရှုံးခဲ့ရလေသည်။

အာဇာနည်စိတ်ဓာတ်ဟူသည်ကား လက်ရုံးရည်၊ နှလုံးရည်(သတ္တိဗျတ္တိ) ပြည့်စုံကုံလုံပြီး အမြော်အမြင်ကြီးမား ကိုယ်ကျင့်တရား ဖြူစင်စွာဖြင့် တိုင်းပြည်နှင့်လူမျိုး အများအကျိုးအတွက် မိမိ၏ အသက်ကိုပင် စွန့်လွှတ်အဆုံးရှုံးခံရန် စိတ်ပိုင်းဖြတ်ထားသည့် ပုဂ္ဂိုလ်များဖြစ်ပါသည်။ အောင်ဆန်းအာဇာနည်သည်ကား ကိုယ့်အကျိုး၊ ကိုယ့်မိသားစုအကျိုး၊ ကိုယ့်ဆွေမျိုးအကျိုး၊ ကိုယ့်အဖွဲ့အစည်းအကျိုးသက်သက်တို့ကို ကြည့်တတ်သူမဟုတ်၊ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးအကျိုးကိုသာ ရှေးရှုတတ်သူသာတည်း။

အယူမတောင့်သော လူဖြောင့်တို့၏ သဘောသဘာဝအတိုင်း ငွေ၊ ရာထူး၊ ဘွဲ့ထူးဂုဏ်သိမ်တို့ကို မက်မောတပ်မက်ခြင်း အလျှင်းမရှိ၊ မတရားမှုကို ခေါင်းငုံ့မခံ၊ မမှန်သည်၊ မဟုတ်သည်တို့ကို အရှင်းမလုပ်၊ တိုင်းပြည်နှင့်လူမျိုး အများအကျိုးအတွက်ဆိုလျှင် အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးတတ်သည့် ပုဂ္ဂိုလ်မျိုးဖြစ်၍ မြန်မာအမျိုးသားအာဇာနည်အဖြစ် ခေါ်ဆိုထိုက်၊ အသိအမှတ်ပြုထိုက်၊ ဂုဏ်ပြုထိုက်ပေသည်။ သို့သော် ထိုသို့သော ဇမ္ဗူတစ်လူ ရှာမှရှားသည့် ပုဂ္ဂိုလ်မျိုး အချိန်မတိုင်မီ မသမာသူလူတစ်စု၏လက်ချက်ဖြင့် ရေတိမ်နစ်ခဲ့ရသည်မှာ နှမြောတသဖြစ်ကြရသလို တိုင်းပြည်နှင့် လူမျိုးအတွက်လည်း တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် နစ်နာဆုံးရှုံးမှုပင်ဖြစ်သည်။ ထို့ကြောင့် ယနေ့ကာလမှ ကမ္ဘာဆုံးသည့်တိုင် ထိုအာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းဆွတ်သတိရ တမ်းတနေကြပေလိမ့်မည်။ အာဇာနည်ခေါင်းဆောင်ကောင်းတို့၏ အစဉ်အလာအတိုင်း လူသာသေ၍ အမည်သော်ကား ဘယ်အခါမျှမသေ။ ကမ္ဘာပင်ကြေစေ၊ ပျက်စေ ထိုအာဇာနည်တို့၏အမည်ကား မကြေမပျက် ဆက်လက်တည်နေဦးမည်။

သို့ဖြစ်၍ မြန်မာတို့အတွက် အဖိုးထိုက်တန်သော၊ မမေ့နိုင်သော ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အာဇာနည်စိတ်ဓာတ်ရှိသူများ ဆက်လက်ပေါ်ထွန်းလာရေး ကျင့်ကြံကြိုးကုတ် ကြိုးပမ်းအားထုတ်ကြဖို့ အသိပေးနှိုးဆော်အပ်ပါသတည်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**☆ နိုင်ငံတော်သမ္မတမှ**

အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်နေမှု အခြေအနေတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

**○ ရှေ့ဖုံးမှ**

အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းသွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ဆက်လက်ဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အနေဖြင့် စတင်ထူထောင်ပြီးချိန်မှစ၍ တတိယအကြိမ် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ထိုင်းနိုင်ငံ IBERD ဖောင်ဒေးရှင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့သည် ထိုင်းနိုင်ငံ Institute of Business Economics Research and Development (IBERD) Foundation ဥက္ကဋ္ဌ Mr. Sathit Linpongpan နှင့် အဖွဲ့အား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် Pilot Project များဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ထုတ်လုပ်ခြင်း၊ ငါးမွေးမြူရေး ပင်လယ်စာနှင့် အအေးခန်းလုပ်ငန်း၊ စဉ်ဆက်မပြတ်ပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်း၊ E-wallet ကိုအသုံးပြု၍ ငွေလွှဲပြောင်းသည့် ဝန်ဆောင်မှုကဏ္ဍများနှင့် နှစ်နိုင်ငံနယ်စပ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စီမံကိန်းများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## စားသုံးသူရေးရာဦးစီးဌာန၏ ညှိနှိုင်းဆောင်ရွက်မှုကြောင့် အသုံးမပြုလိုသည့် SMS များ ပယ်ဖျက်နိုင်ပြီ

**နေပြည်တော် ဇူလိုင် ၁၇**

စားသုံးသူရေးရာဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများ ညှိနှိုင်းချက်အရ သုံးစွဲသူပြည်သူများအနေဖြင့် SMS များကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် အသုံးမပြုလိုသည့် SMS များကို ပယ်ဖျက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

MPT ဖုန်းသုံးစွဲသူများအနေဖြင့် *2007# ကိုနှိပ်ကာ OPTION ကို ရွေးချယ်၍ လည်းကောင်း၊ Telenor ဖုန်းသုံးစွဲသူများအနေဖြင့် 500 သို့ DNDON ရေးပြီး SMS ပေးပို့ခြင်းဖြင့် လည်းကောင်း၊ Ooredoo ဖုန်းသုံးစွဲသူများအနေဖြင့် 5059 သို့ DNDON ရေးပြီး SMS ပေးပို့ခြင်းဖြင့် လည်းကောင်း အသုံးမပြုလိုသည့် SMS များကို ပယ်ဖျက်နိုင်ပြီ ဖြစ်ကြောင်း သိရပြီး သုံးစွဲသူများက ပယ်ဖျက်ရန်ပေးပို့သည့် SMS များအတွက် ဝန်ဆောင်ခ ကျသင့်မည်မဟုတ်ကြောင်း သိရသည်။

"ဆက်သွယ်ရေးဝန်ဆောင်မှုသုံးစွဲသူတွေက message တွေ အများကြီးဝင်တယ်ဆိုပြီး တိုင်ကြားလာပါတယ်။ ဇွန် ၂၅ ရက်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီတွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို စာပို့ခဲ့ပြီး သုံးစွဲသူတွေ စိတ်ကျေနပ်မှုရှိအောင် အသုံးမပြုလိုတဲ့ဟာတွေကို ပယ်ဖျက်နိုင်ဖို့ အကြောင်းပြန်လာတာကို အခုလို တင်ပြပေးတာပါ" ဟု အဆိုပါ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားသည်။ **ရှင်မင်း**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၇**

ရန်ကုန်(ရွှေဈေး) ၉၄၇၀၀၀ - ၉၄၇၀၀၀ မန္တလေး(ရွှေဈေး) ၉၄၇၀၀၀ - ၉၄၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၉၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၅/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၇၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၄၁၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၈. ၁၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၄. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၀၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၄. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

## လူတန်းစေ့စေ့ နေနိုင်ဖို့

ကျွန်တော်တို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာမဟုတ်ဘူး။ ခပ်တိုတိုပြောရင် လူတန်းစေ့စေ့နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ၊ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်ဘူး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ရေဒီယိုအသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၈)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် လွှတ်တော် အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ နာယက ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုကျင်းပမည့် အစည်းအဝေးတွင် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်တွင်ပါရှိသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအပါအဝင် လွှတ်တော် အသီးသီးတွင် အတည်ပြုရန်ကျန်ရှိသည့် ဥပဒေများ အနက်မှ ဦးစားပေးအလိုက် ဆွေးနွေးအတည်ပြုခြင်းနှင့် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားရန် ရှိကြောင်း၊ ထို့အပြင် ယခုအစည်းအဝေးကာလတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယနာယက တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှဲပြောင်းထမ်းဆောင်မည်ဖြစ်၍ ထူးခြားမှုရှိသော ပုံမှန်အစည်းအဝေးကာလတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ်လွှတ်တော်အသီးသီး စတင်ကျင်းပချိန်မှစ၍ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကြောင့် လွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုကျင်းပမည့် ပုံမှန်အစည်းအဝေးမှာလည်း လုံခြုံရေး အပါအဝင် ပို့ဆောင်ဆက်သွယ်ရေး၊ ရုပ်၊ သံပိုင်း၊ စက်ခလုတ်ပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် ချို့ယွင်းမှုအနည်းဆုံးဖြစ်ရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထို့အပြင် ပြည်တွင်း၊ ပြည်ပ မီဒီယာများ အတွက် လွှတ်တော်အစည်းအဝေး သတင်းများကို စနစ်တကျဖြင့် အဆင်ပြေပြေ ရယူနိုင်ရေး သက်ဆိုင်ရာ ကော်မတီများနှင့် တာဝန်ရှိသူအသီးသီးတို့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံး အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့၏ ဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အခန်းကဏ္ဍမှ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ယာဉ်လိုင်စင် သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိ ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး၊ ဝက်လက် |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း၊ အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | နတ်မောက်၊ ရေစကြို၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း၊ မြစ်သား |
| ၇။ | မွန်ပြည်နယ် | မုဒုံ |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်၊ ကျောက်တန်း |
| ၁၀။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းကိုင်၊ နောင်ချို |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင်၊ ကြံခင်း၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး |



# အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**
အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယအဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့ ကြွရောက်ကြသည်။

ရှေးဦးစွာ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် အနန္တ ရာယိက ကမ္မဝါစာများ ရွတ်ဖတ်ချီးမြှင့်ခြင်းကို နာယူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**
ပြည်သူ့လွှတ်တော်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ကြသည်။

ရှေးဦးစွာ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**
နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ အမိန့်ကြော်ငြာစာများထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၁၇**
မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် အောက်ပါအမိန့်ကြော်ငြာစာများကို ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

(က) အမိန့်ကြော်ငြာစာအမှတ် ( ၅၆/၂၀၁၈)၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇ ) အရ သတ်မှတ်ဖော်ပြထားသည့် ပုံစံများ
(ခ) အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၈)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ(၂၀၁၇)အရ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေနှင့် နှောင့်နှေးသည့် ပေးပို့တင်ပြခြင်းအတွက် နောက်ကျကြေး
(ဂ) အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၈)၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များအတွက် သတ်မှတ်ချက်များ
(ဃ) အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၈)၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် သတ်မှတ်ချက်များ
(င) အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၈)၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇)အရ သတ်မှတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပုံစံ

**အဆိုပါ အမိန့်ကြော်ငြာစာများနှင့်စပ်လျဉ်း၍** အသေးစိတ်ကြည့်ရှုလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.dica.gov.mm တွင် ကြည့်ရှုနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ဧပြီလ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၇**
၂၀၁၈ ခုနှစ် ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃၈ ဒသမ ဝ၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၁ ဒသမ ၆၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၉ ဒသမ ၇၂ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၅ ဒသမ ၂၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၆၄ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၁၂ ဒသမ ၉၂ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ် ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၇၂ ဒသမ ၆၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၅၃ ဒသမ ၂၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် ဇူလိုင် ၁၇**
အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင်ကုန်းဈေးရှိ အောင်တံခွန် ရောင်းဝယ်ရေးနှင့် ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အောင်တံခွန် ရောင်းဝယ်ရေးနှင့်ငွေစုငွေချေးအသင်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးသက်မော်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုတို့က အမှာစကားပြောကြားသည်။

ထို့နောက်အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို အသင်းဒု-ဥက္ကဋ္ဌ ဦးသန်းထွေးက ဖတ်ကြားပြီး အသင်းသားစာရင်းစစ် အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ဝင် ဦးလှိုင်တင်က ဖတ်ကြားသည်။ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးသက်မော်က ယခုအသင်းမှာ အင်အား ၆၀၀ ကျော်နှင့် အစုဝင်ငွေ ၁၅၈၇ စု ရှိလာသည့်အသင်းဖြစ်သည့်အတွက် အသင်း၏တိုးတက်ရာတိုးတက်ကြောင်း ဝိုင်းဝန်း၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး အကြံဉာဏ်များ ပေးကြသည့်အတွက် ဆက်လက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**၆၈၄**

# ဂျပန်အထောက်အပံ့ဖြင့် ဆောက်လုပ်သော ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**စစ်တွေ ဇူလိုင် ၁၇**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အထောက်အပံ့ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်းဆောင်သစ်များကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ မင်းဂံရပ်ကွက် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နယ်စပ်ရေးရာဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama၊ JICA မြန်မာရုံး မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Masayuki Karasawa၊ ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို အထက မင်းဂံမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ်အတွင်း ရေကြီးမြေပြိုမှုများကြောင့် ကျောင်းများပျက်စီးခဲ့ရာ ဂျပန်အစိုးရက လှူဒါန်းသည့် ဂျပန်ယန်းငွေ ငါးဘီလီယံအနက် ဂျပန်ယန်း ၁ ဒသမ ၅ ဘီလီယံ (မြန်မာငွေကျပ် ၁၅ ဘီလီယံ) အသုံးပြုပြီး စာသင်ကျောင်း ၈၂ ကျောင်းကို ဆောက်လုပ်ပေးခဲ့ရာ ရခိုင်ပြည်နယ်အတွက် ၃၉ ကျောင်း ဆောက်လုပ်ပေးခြင်းဖြစ်သည့်အတွက် ရခိုင်ပြည်နယ်ကို ဦးစားပေးဆောင်ရွက်ခဲ့သည့်အနေအထားကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခု မင်းဂံကျောင်းဆောင်များအပါအဝင် ရခိုင်ပြည်နယ်အတွင်း ဂျပန်အစိုးရ အထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့သည့် ကျောင်းပေါင်း ၃၃ ကျောင်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားခွင့်များ ပိုမိုရရှိလာပြီဖြစ်ပါကြောင်း၊ ကျောင်းဆောင်သစ်များ ရေရှည်တည်တံ့ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama၊ JICA ဌာနေကိုယ်စားလှယ် Mr. Masayuki Karasawa တို့က အမှာစကားပြောကြားကြပြီး ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်များနှင့်ပတ်သက်သည့် အထောက်အထားများကို JICA မြန်မာရုံး၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr.Masayuki Karasawa က ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဂျပန်သံအမတ်ကြီးတို့က ကျောင်းဆောင် ကမ္ပည်းမှတ်တမ်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်များအတွင်း ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြားသည်။ **(ဓာတ်ပုံ)**

ယနေ့ လွှဲပြောင်းပေးသော ကျောင်းဆောင်သစ်များကို လှိုင်မြင့်မိုရ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး စက်တင်ဘာလတွင် ပြီးစီးခဲ့သည်။ အဆောက်အအုံမှာ ၁၀၂ ပေ × ပေ ၃၀ RCC နှစ်ထပ်ကျောင်းဆောင်နှစ်ဆောင်အပြင် လေးခန်းတွဲ သန့်စင်ခန်းနှင့် ကျောင်းသုံးပရိဘောဂများ၊ သောက်သုံးရေစနစ်များပါဝင်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၂၇၈ ဒသမ ၂၃ သန်း ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-ဝင်းမင်းစိုး (မြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အကူဆိုင်ရာပစ္စည်းများ လွှဲပြောင်းပေးအပ်

**စစ်တွေ ဇူလိုင် ၁၇**

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းက ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် ဖြစ်ပေါ်တိုးတက်မှုများကို လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်အတွင်းရှိ IDP စခန်းများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိမိတို့တွေ့ရှိချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဆွေးနွေးချက်များကို နေရပ်စွန့် ခွာသူများပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်အစိုးရတို့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လုပ်ငန်းအခက်အခဲများ ရှိပါက ဆွေးနွေးပေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဆက်လက်အားဖြည့် ဆောင်ရွက်ရေး၊ NVC လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မောင်တောဒေသအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် လက်ငင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာမှုအခြေအနေနှင့် စိစစ်ဆောင်ရွက်နေမှု အခြေအနေများ၊ IDP စခန်းများအတွက် လိုအပ်ချက်များ၊ လက်ခံရေးစခန်းများနှင့် ကြားစခန်းတို့ကို တာဝန်ယူကြီးကြပ်ထိန်းသိမ်းနေမှု၊ စခန်းများအတွင်း လမ်းများ ကောင်းမွန်ရေးနှင့် မောင်တောဒေသလမ်းများ ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ထောက်ပံ့ပေးအပ်သော ရေစုပ်စက် ၃၃ လုံး၊ Life Jacket အထည် ၁၀၀၀၊ မော်တော်ဆိုင်ကယ် ၁၀ စီး၊ Speed Boat နှစ်စင်း၊ Fiber Boat ၂၃ စင်း၊ Toyota Landcruiser သုံးစီးနှင့် Toyota Hilux Double Cab ရှစ်စီးတို့ကို ဒုတိယဝန်ကြီး ဦးစိုးအောင်က လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးများက လက်ခံရယူကြောင်းသိရသည်။

**တင်ထွန်း(မြန်/ဆက်)**



## (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ် လမ်းကြောင်းများ ဖြတ်သန်းသွားလာမှု ယာယီပိတ်ထားမည်

၁။ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၈ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည် ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေး လမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်သည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့်ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ် (၁)မှ ဝင်ရောက်၍ ဂိတ် (၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံး (အတွင်းဝန်များရုံးဟောင်း)သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံး (အတွင်းဝန်များရုံးဟောင်း)သို့ ဝင်၊ ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

# နှစ်ပေါင်းများစွာ စာပေနယ်တွင်ကျင်လည်ခဲ့သူ စာပေသမားတစ်ဦးပြောသော ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရများ

■ သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - ခြူး

ဒုတိယကမ္ဘာစစ်ကာလအတွင်း ရန်ကုန်မြို့ ဗုံးကြဲခံရသည့်အကြောင်း မြန်မာ့အလင်း သတင်းစာတွင် ရေးသားဖော်ပြထားသည့် ကဗျာတစ်ပုဒ်ကြောင့် ထိုစဉ်က ဆယ်ကျော်သက်အရွယ် သောကြာမောင်ကလေး၏ ရင်ထဲ စိတ်မကောင်းကြီးစွာဖြစ်ခဲ့ရသည်။

"မြို့တော်ရန်ကုန် တင့်တယ်ပုံကား ဝသုန်ပထဗျာ ဤကမ္ဘာတွင် သူငါသိကြ ထင်ရှားလှသည့် သခ်ါရစက် ငြိတွယ်ချက်ကြောင့် ပျက်ကြီးပျက်ပေ့ါလို့ ရေးထားတာတွေ့တော့ ငါသွားချင်တဲ့ ရန်ကုန်မြို့ကြီး ပျက်စီးသွားပါပေ့ါလားဆိုပြီး စိတ်ထဲအတော်မကောင်းဖြစ်ခဲ့ဖူးတယ်" ဟု ညောင်ဦးမြို့ အနောက်မြောက်အရပ် ဧရာဝတီမြစ် တစ်ဖက်ကမ်းရှိ မြစ်ခြေမြို့ သရက်တောရွာတွင် နေထိုင်ခဲ့သည့် သောကြာမောင်ကလေးက ဆိုသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တွင် ရန်ကုန်မြို့ကြီး ဗုံးကြဲတိုက်ခိုက်ခံရပြီးနောက် ရန်ကုန်မြို့သူ မြို့သားတို့မှာလည်း မြို့ကို စွန့်ခွာသွားသူများရှိနေသည်ဟု ကြားသိနေရသော်လည်း ၁၆ နှစ်ကျော်အရွယ် သောကြာမောင်ကလေးအနေဖြင့် ရန်ကုန်သွားချင်သည့်စိတ်ကဖြင့် တစ်စက်လေးမှ မလျော့ခဲ့ပေ။

"ရန်ကုန်မြို့ကြီးက စာရေးဆရာတွေ အရေးပါတယ်ဆိုတာ ကြားဖူးခဲ့တယ်၊ ဒါကြောင့် ကြီးလာရင် ရန်ကုန်ကိုသွားမယ်၊ ရန်ကုန်မြို့မှာ နေကိုနေမယ်၊ အဲဒီလို စိတ်ထဲကို စွဲနေတာ"ဟု ၎င်းက ပြောပြသည်။

**ကျဆုံးအာဇာနည်ခေါင်းဆောင်များကို ဂါရဝပြုရန် ပထမဆုံးအကြိမ် ရန်ကုန်ရောက်**

၎င်းအနေဖြင့် ရန်ကုန်သို့ရောက်ရန် အကြောင်းတရားကား စိတ်မချမ်းမြေ့ဖွယ် သတင်းစကားနှင့်အတူ ပေါ်လာခဲ့ပြီဖြစ်သည်။



သောကြာမောင်ကလေး

ထိုသတင်းမှာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် မြန်မာတစ်မျိုးသားလုံး၏ လူထုခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကြီးများမှာ မသမာသူလူတစ်စု၏ လက်ချက်ဖြင့် သွေးမြေခဲ့ကြပြီဟူသည့် သတင်းပင်ဖြစ်ပြီး အာဇာနည်ကြီးများ၏ ရုပ်အလောင်းများကို ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြည်သူများအနေဖြင့် ဂါရဝပြုခွင့်ရကြောင်း ၎င်းအနေဖြင့် သိခဲ့ရခြင်းပင်ဖြစ်သည်။

ထိုသတင်းကြားသည်နှင့် ဗိုလ်ချုပ်အပါအဝင် ကျဆုံးအာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုရန် ဆရာတော်တစ်ပါးနှင့်အတူ ရန်ကုန်မြို့သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့သည်ဟု သောကြာမောင်ကလေးက ပြောပြသည်။

"ရောက်ရောက်ချင်း ဂျူဗလီဟောကို သွားတယ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့အလောင်းတွေ ပြင်ဆင်ထားတယ်၊ တစ်ယောက်က အလေးပြုဆိုတာနဲ့ အလေးပြုတယ်၊ တစ်သုတ်ပြီး တစ်သုတ်ပေ့ါ၊ အဘတို့လည်း အလေးပြုခွင့်ရခဲ့တယ်၊ စိတ်မကောင်းလည်းဖြစ်ရတယ်" ဟု သောကြာမောင်ကလေးက ထိုစဉ်က အကြောင်းကို ပြန်ပြောင်းပြောပြသည်။

"ဗိုလ်ချုပ်တို့ ကျဆုံးတော့ တစ်နိုင်ငံလုံး စိတ်ထိခိုက်ကြရတယ်၊ မန္တလေးမြို့လည်း တိတ်ဆိတ်သွားတာပဲ၊ သတင်းစာတွေကလည်း တို့ ဘာလုပ်ကြမလဲ၊ ဗိုလ်ချုပ်တို့ကျသွားပြီ ဆိုပြီး ရေးကြတာတွေတောင်ရှိတယ်"ဟု မန္တလေးတွင်နေထိုင်စဉ် ဗိုလ်ချုပ်တို့ ကျဆုံးသတင်းကြားသည့်နေ့က အကြောင်းကို သောကြာမောင်ကလေးက ပြောပြသည်။

မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ငယ်ရွယ်နုနယ်သည့် အရွယ်မှာပင် အားသွန်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အသက်ကိုပင်ပေးဆပ်ခဲ့သည့် မိမိလေးစားချစ်မြတ်နိုးခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ငယ်စဉ်ဘဝက အမှတ်တမဲ့ တွေ့ခွင့်ရခဲ့သည်များကို တစိမ့်စိမ့်တွေးရင်း အမြဲကြည်နူးခဲ့ရသည်ဟု အသက် ၉၆ နှစ်အရွယ်ရှိ သောကြာမောင်ကလေးက ပြောပြသည်။

**အမှတ်တရ (၁)**

"တစ်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ညောင်ဦးကိုလာမယ်၊ စည်းရုံးရေးတရားဟောမယ်ဆိုတဲ့ သတင်းလည်းထွက်လာရော လာမယ့်နေ့ကို စိတ်ထဲမှတ်ထားတာပေ့ါ၊ အဘက ရန်ကုန်သွားချင်တဲ့ စိတ်ကလည်းရှိ၊ နေရာတကာ စပ်စုချင်တဲ့ ဝါသနာလေးကလည်း ပါတော့ တရားဟောမယ့်နေရာ သွားခဲ့တယ်" ဟု ဆယ်ကျော်သက်အရွယ်က တွေ့ကြုံခဲ့ရသည့် ဗိုလ်ချုပ်နှင့်ပတ်သက်သော အမှတ်တရတစ်ခုကို သောကြာမောင်ကလေးက ပြောပြသည်။

ထိုအချိန် ထိုကာလသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင်များက ကြိုးပမ်းနေချိန် ပြည်သူများအား စည်းရုံးရေးဆင်းနေချိန်၊ "ဗိုလ်ချုပ်အောင်ဆန်း"ဆိုသည့် အမည်တစ်လုံး လူထုကြားတွင် ထင်ပေါ်လာချိန်လည်း ဖြစ်သည်ဟု သူက ဆိုသည်။

ညနေပိုင်းတွင် ညောင်ဦးမြို့ရှိ အစိုးရ အထက်တန်းကျောင်းဝင်းအတွင်း တစ်ဖက်ရပ်ထိုးထားသည့် စင်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဦးကျော်ငြိမ်း၊ ဦးဘဖေတို့ စည်းရုံးရေးတရားဟောခဲ့စဉ် ဦးကျော်ငြိမ်း ပြောခဲ့သည့် "ဇာတ်တွေကတဲ့နေရာမှာ ပထမအပျိုတော်ထွက်တယ်၊ ကျွန်တော်က အပျိုတော်ပေ့ါဗျာ လို့ပြောတော့ ရယ်လိုက်ကြတာ အခုထိမှတ်မိသေးတယ်"ဟု သောကြာမောင်ကလေးက ပြောပြသည်။



ထိုစဉ်က ဆယ်ကျော်သက်အရွယ် မောင်ကလေးမှာ ဗိုလ်ချုပ်ကို အနီးကပ်မြင်ချင်လို့ဇောဖြင့် စင်အနောက်ဘက်သို့သွား၍ လူဝင်လူထွက်ပေါက်မှ သွားချောင်းကြည့်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ထွက်လာကာ မိမိ၏ လည်ပင်းအားသိုင်းဖက်ခဲ့ပြီး "ဘာကြည့်တာလဲကွ"ဟု မေးခဲ့သည်ကို ယနေ့တိုင် တွေးပြီး ပီတိဖြစ်နေဆဲ။ "အဲဒီတုန်းက သူက မာဖလာလေး လည်ပင်းမှာပတ်လို့" ဟု အမှတ်တရဖြစ်ကျန်နေသည့်မြင်ကွင်းကို ပုံဖော်ပြောပြသည်။

စင်မြင့်ထက်တွင် ဗိုလ်ချုပ်ဟောပြောခဲ့သည်များကို ပြန်ပြောင်းပြောပြရာတွင် "ဗိုလ်ချုပ်ပြောတဲ့အထဲမှာ အားလုံးသွေးစည်းညီညွတ်ဖို့ သူ့ကျွန်ဘဝရောက်ရတာ အင်မတန်အောက်တန်းကျတယ်ပေ့ါ၊ လွတ်လပ်ရေးရအောင် သူတို့ ကြိုးစားနေတယ်၊ ဒါကြောင့် ပြည်သူတွေ သူတို့အဖွဲ့ကို ထောက်ခံကြဖို့ ဒါတွေ ပြောခဲ့တယ်၊ လုံးစေ့ပတ်စေ့တော့ မမှတ်မိပါဘူး၊ ဗိုလ်ချုပ်တို့ကျဆုံးတာလည်း ၇၁ နှစ်တောင်ရှိသွားပြီဆိုတော့လေ"ဟု မှတ်မိသမျှ ပြောပြခဲ့သည်။

**အမှတ်တရ(၂)**

ဒုတိယအကြိမ် အမှတ်တရဖြစ်စေခဲ့သည်က ဗိုလ်ချုပ်အောင်ဆန်း မန္တလေးမြို့သို့ နိုင်ငံရေးတရားလာဟောမည့်အချိန်တွင် သောကြာမောင်ကလေးလည်း မန္တလေးသို့ ရောက်ရှိနေချိန်ဖြစ်သည်။

သောကြာမောင်ကလေးက "ဗိုလ်ချုပ်တို့ တရားဟောတဲ့နေရာက မဟာမြတ်မုနိဘုရားကြီးနားမှာ ရွှာဟိုင်းဈေးဆိုတာရှိတယ်၊ အဲဒီအနားမှာထင်ပါရဲ့၊ ကွက်လပ်အကျယ်ကြီးမှာ မန်ကျည်းပင်ကြီးတွေက အုပ်အုပ်ဆိုင်းဆိုင်းရယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အဲဒီအချိန်က တိုင်းပြု ပြည်ပြုလွှတ်တော် အစည်းအဝေးလုပ်မလို့ အမတ်ရွေးမှာကိုး၊ အဲဒီအချိန်မှာ မန္တလေးက မျက်နှာဖုံးဂုဏ်သရေရှိ လူကြီးတစ်ယောက်က ဝင်ပြီးပြိုင်မယ်ဆိုပြီး စာရင်းသွင်းတာ၊ အဲဒါကို ဗိုလ်ချုပ်ကသိသွားလို့ မန္တလေးကို လာမယ်ဆိုပြီးဖြစ်တာ"ဟု သူကြားဖူးခဲ့သည့် အကြောင်းကို ပြောပြသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ တရားဟောပြောမည့်နေရာသို့ ရောက်ရှိမည်ဟု ကြေညာထားသည်မှာ မွန်းလွဲ ၁ နာရီဖြစ်သော်လည်း ၃ နာရီခန့်တွင်သာ ရောက်ရှိလာပြီး လမ်းတွင် ပြည်သူများကတားကာ တရားဟောခိုင်းသည့်အတွက် နောက်ကျခြင်းဖြစ်ကြောင်း အခမ်းအနားမှူးက ကြေညာခဲ့သည်ဟု သောကြာမောင်ကလေးထံမှ သိရသည်။

"ဗိုလ်ချုပ်အောင်ဆန်းလာပြီဟေ့ ဆိုပြီး လူတွေလည်း ရုတ်ရုတ်နဲ့ နေရာယူကြတယ်၊ အဘလည်း ဗိုလ်ချုပ်ကို နီးနီးကပ်ကပ်ကြည့်ချင်တဲ့စိတ်နဲ့ ဟောပြောမယ့် စင်နားအထိ သွားခဲ့တယ်၊ အဲဒီတုန်းက လုံခြုံရေးတွေ အတားအဆီးတွေမရှိဘူး၊ နာမည်ကတော့ သိပ်ကြီးနေပြီ"ဟု ဦးမောင်ကလေးက ပြောသည်။

အဆိုပါ ဟောပြောပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)က စင်မြင့်ထက်တွင် နေရာယူထားပြီးချိန် ဗိုလ်ချုပ်က ကားပေါ်မှ ခပ်သွက်သွက်ဆင်းလာကာ စင်ပေါ်သို့ ကျောင်းသားငယ်လေးကဲ့သို့ လှမ်းတက်သွားပြီး လူအုပ်ကြီးကို တစ်ချက်ဝေ့ကြည့်ရင်း "မန္တလေးမြို့ကြီး လိမ္မာလာပြီ"ဟု ပြောသည့်အခါ လက်ခုပ်သံများ ဆူညံသွားခဲ့သည်ဟု ဦးမောင်ကလေးက ပြောပြသည်။

"ပြောတာတွေက အများကြီးပါ၊ သူပြောတာ ထိရောက်လွန်းလို့ အဘမှတ်ထားတာက အခုအချိန်က လက်ညှိုးထောင် ခေါင်းညိတ်ပဲ လိုချင်တယ်၊ သူပုန်အဖွဲ့ ဖြစ်ချင်ဖြစ်မယ်တဲ့၊ တစ်နှစ်အတွင်း လွတ်လပ်ရေးရစေရမယ်တဲ့၊ ကျုပ်တို့ကိုသာမဲပေးဆိုပြီး ပြောခဲ့တာတွေပဲ" ဟု ပြောသည်။

ထိုစဉ်က မန္တလေးမြို့တွင် မန္တလေးသူရိယသတင်းစာ၊ လူထုသတင်းစာနှင့် နောက်ထပ် တစ်စောင် (နာမည်မမှတ်မိ) တို့ ထွက်ရှိရာ သတင်းစာများတွင် "ဗိုလ်ချုပ်အောင်ဆန်းက မန္တလေးမြို့ကြီးကို ချီးမွမ်းခြင်း"ဆိုသည့် ခေါင်းစဉ်များဖြင့် သတင်းများပါလာခဲ့သည်ဟု ဦးမောင်ကလေးထံမှ သိရသည်။

"ဟောပြောပွဲပြီးသွားတော့ နောက်တစ်နေ့ မန္တလေးသူရိယသတင်းစာထဲမှာ ဘိလပ်ရည်ဖောက်ပြီးတိုက်တော့ အဖတ်ကလေးပါသွားတာကို ဗိုလ်ချုပ်က 'င - ၁က်သုံးမကျလိုက်တာ ထွီ' ဆိုပြီး ပြောတာကို သတင်းစာက ဒီအတိုင်းရေးတယ်၊ ဗိုလ်ချုပ်ပြောသမျှ အသေးစိတ်ကိုရေးတာ"ဟု သတင်းစာများထဲမှ ဗိုလ်ချုပ်နှင့် ပတ်သက်သည့် မှတ်မှတ်ရရ အကြောင်းအရာတစ်ခုကို ပြောပြသည်။

**အမှတ်တရ(၃)**

ဦးမောင်ကလေးသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ရန်ကုန်မြို့သို့ ဒုတိယအကြိမ်ရောက်ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် စာပေလောကထဲသို့ ခြေစုံပစ်ဝင်ခဲ့ရာ ရှုမဝမဂ္ဂဇင်းတွင် စာပြင်လုပ်ခဲ့စဉ်က အာဇာနည်နေ့ နီးလာပြီဖြစ်သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဖော်ပြမည့် စာတစ်ပုဒ်တွင် ဗိုလ်ချုပ်အား ထိခိုက်စေမည့် မိန့်ခွန်းကို တည်းဖြတ်ခဲ့ရသည်မှာလည်း ယနေ့တိုင် အမှတ်တရဖြစ်နေဆဲဟု ဆိုသည်။

"ဗိုလ်ချုပ်အောင်ဆန်းစကားတော့ မှန်တယ်၊ ဖဆပလကတောင် ပြည်ဖုံးကားချလိုက်ပြီးပြီ၊ ဒီဆောင်းပါးထည့်ဖို့ တော်ပ့ါမလားဆိုပြီး ပြတော့ ဒါသာပါခဲ့ရင် ကွဲရောပဲလို့ ရှုမဝဦးကျော် ပြောခဲ့တာ အမှတ်တရပါပဲ"ဟု ၎င်းက ပြောသည်။

နောက်စာပေလောကထဲလုပ်နေရင်း ဗိုလ်ချုပ်အကြောင်း ကိုယ်တိုင်လည်းရေးခဲ့ဖူးသူ၊ သူများရေးသမျှ စာပေများကိုလည်း ဖတ်ရှုဖူးသူ ဆရာကြီးသောကြာမောင်ကလေးက "သတင်းထောက် ဦးပုလေး ရေးတဲ့အထဲမှာ လမ်းမှာ ဒေါ်ခင်ကြည်က ကားစီးရလို့ ခေါင်းမူးတဲ့အခါ ဗိုလ်ချုပ်က သူ့မိန်းမကို နှိပ်ပေးရင်း ငါ့ပြုစုဖို့ခေါ်လာတာ ငါကပြန်ပြုစုပေးနေရပြီ ဆိုတာကို ရေးထားတာ သဘောကျလွန်းလို့ ခုထိ ခေါင်းထဲစွဲနေတယ်"ဟု ပြောသည်။

၁၉၅၂ ခုနှစ် စာပေလောကထဲ ခြေစုံပစ်ဝင်ခဲ့ပြီး ယခုအချိန်အထိ ရန်ကုန်မြို့တွင်နေထိုင်ကာ နှစ်ပေါင်း ၆၀ နီးပါးသက်တမ်းရှိ သောကြာစာစောင်ကို ဦးစီးထုတ်ဝေနေသည့် အသက် ၉၆ နှစ်အရွယ် သောကြာမောင်ကလေးက-

"ဗိုလ်ချုပ်ပုံပါတဲ့ပိုက်ဆံတွေ မသုံးဖြစ်တော့တာကြာပြီ၊ ဦးနေဝင်းလက်ထက်အထိ သုံးခဲ့ရတယ်၊ ကိုယ့်နိုင်ငံရဲ့ ခေါင်းဆောင်ပုံပါတဲ့ ပိုက်ဆံလေးတွေ ပြန်သုံးချင်တယ်" ဟု တစ်ချိန်က အသုံးပြုခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းပုံပါ ပိုက်ဆံများအား အမှတ်တရရိုက်ကူးထားသည့် "အောင်ဆန်းမော်ကွန်းမဂ္ဂဇင်းပါ" ဓာတ်ပုံများကိုပြရင်း ပြုံး၍နေလေသည်။ ။

> မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ငယ်ရွယ်နုနယ်သည့် အရွယ်မှာပင် အားသွန်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အသက်ကိုပင်ပေးဆပ်ခဲ့သည့် မိမိလေးစား ချစ်မြတ်နိုးခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ငယ်စဉ်ဘဝက အမှတ်တမဲ့ တွေ့ခွင့်ရခဲ့သည်များကို တစိမ့်စိမ့်တွေးရင်း အမြဲကြည်နူးခဲ့ရ

# နှလုံးရောဂါနှင့် နှလုံးရောဂါဆိုင်ရာ အရေးပေါ်အခြေအနေများကုသခြင်းနှင့် စနစ်တကျလွှဲပြောင်းညွှန်းပို့ခြင်း ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၇**

နှလုံးရောဂါနှင့် နှလုံးရောဂါဆိုင်ရာ အရေးပေါ်အခြေအနေများကုသခြင်းနှင့် စနစ်တကျလွှဲပြောင်းညွှန်းပို့ခြင်း ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးအဆို့ရှင်မကောင်းခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ နှလုံးအားနည်းခြင်း စသည့် နှလုံးရောဂါများသည် လူတိုင်း၊ နေရာဒေသမရွေးဖြစ်ပွားနိုင်သည့်အပြင် အခြားရောဂါများနှင့်မတူညီဘဲ စနစ်တကျ မှန်ကန်စွာအချိန်မီကုသမှုပေးနိုင်ရန် အရေးကြီးကြောင်း။

ယခုသင်တန်းသည် ဆရာဖြစ်သင်တန်းဖြစ်ပြီး သင်တန်းပြီးမြောက်ပါက သင်တန်းတက်ရောက်သူများအနေဖြင့် မိမိတို့သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များကို အဓိကထားပြီး ဆင့်ပွားပြန်လည်သင်ကြားပေးသွားရမည်ဖြစ်၍ အထူးအလေးထားလေ့လာသင်ကြားသွားစေလိုကြောင်း၊ မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ၏ ကုသမှုစွမ်းရည်မြင့်မားပါက နှလုံးရောဂါအထူးကုဆရာဝန်ကြီးများ လက်လှမ်းမမီသည့် နေရာဒေသများရှိ ပြည်သူလူထုကိုပါ အချိန်မီကုသမှုပေးနိုင်မည်ဖြစ်ကြောင်း။

၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး တွင် နှလုံးရောဂါအမျိုးမျိုးဖြင့် တက်ရောက်ကုသမှုခံယူခဲ့သူ ၄၈၂၃ ဦးရှိခဲ့သည်ကို တွေ့ရှိရသဖြင့် ရောဂါဖြစ်ပွားမှုများပြားသည်ကို တွေ့ရှိနိုင်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နှလုံးရောဂါအမျိုးမျိုး လူနာများကုသပေးရမှု အလုပ်ဝန်များပြားနေသည်ကိုလည်း တွေ့ရှိနိုင်ကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှလုံးရောဂါ အမျိုးအစားအလိုက် ဖြစ်ပွားမှုကို သိရှိပါက စီမံချက်များရေးဆွဲ၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ ကုသမှုစွမ်းရည်မြင့်မားစေရန် နှလုံးရောဂါဆေးပညာရပ်ကိုသာမက အသည်းရောဂါဆေးပညာရပ်၊ ကျောက်ကပ်ရောဂါဆေးပညာရပ် စသည့် ဘာသာရပ်ဆိုင်ရာသင်တန်းများကိုလည်း ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း။

နှလုံးရောဂါအမျိုးမျိုးကို ကုသမှုပေးရာတွင် ဆရာဝန်များသာမက သူနာပြုများ၏ အခန်းကဏ္ဍမှာလည်း အထူးအရေးကြီးသဖြင့် အထူးပြုသူနာပြုများ မွေးထုတ်ပေးနေကြောင်း၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရန်အတွက် တိုက်နယ်ဆရာဝန်များ၊ မြို့နယ်ဆရာဝန်များနှင့် ခရိုင်ဆရာဝန်များအားလုံးကို တက်ဘလက်မိုဘိုင်းဖုန်းများ ဖြန့်ဝေပေးမည်ဖြစ်ပြီး အဆိုပါတက်ဘလက်များတွင် သက်ဆိုင်ရာဆေးပညာရပ် ဌာနမှူးများ၊ ပါမောက္ခများနှင့် တိုင်ပင်၍ ခေတ်မီနောက်ဆုံးပေါ် စံကုထုံးများ၊ လက်စွဲစာအုပ်များ၊ မှီငြမ်းရမည့်စာအုပ်များ စသည်တို့ကို ထည့်သွင်းပေးသွားမည်ဖြစ်သဖြင့် အဆိုပါ ဆေးပညာရပ်များကို အင်တာနက်မရှိဘဲ ဖတ်ရှုမှတ်သားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နှလုံးရောဂါအမျိုးမျိုး ဖြစ်ပွားမှုများပြားနေသည်ကို တွေ့ရှိရသဖြင့် ယခုပြုလုပ်သော သင်တန်းမှာ အမှန်တကယ်လိုအပ်ပြီး ပြည်သူလူထုအတွက်လည်း အကျိုးများစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုမှ ဆေးပညာအထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ စုစုပေါင်းသင်တန်းသား ၃၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးလှကျော်နှင့် ကော်မတီအဖွဲ့ဝင်များ စုံညီစွာတက်ရောက် ဆွေးနွေးကြသည်။



အစည်းအဝေး၌ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပုဂ္ဂလိက အခန်းကဏ္ဍမှ မျိုးစေ့ထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို လက်ရှိထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး အားပေးကူညီကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် ပို့ကုန်ဦးစားပေးစနစ် ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံက ထုတ်လုပ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများအား ဝယ်ယူမည့် နိုင်ငံများ၏ လိုအပ်ချက် စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ တင်သွင်းလာမည့် သီးနှံမျိုးများတွင်လည်း မိမိနိုင်ငံ၏ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီခြင်းရှိစေရန်၊ ပိုးမွှားရောဂါများပါဝင်လာခြင်း မရှိစေရန်တို့အတွက် Plant Pest Quaranting Law တို့နှင့် ကြပ်မတ်စစ်ဆေးပေးရန်နှင့် Pre-control, Post-control များကိုလည်း အားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံ၏ မျိုးဗီဇထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံအထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုနိုင်ရန်နှင့် မျိုးသစ်များနှင့်စပ်လျဉ်း၍ သေချာစွာစိစစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန်တို့အတွက် လိုအပ်သော ဆွေးနွေးမှုများ ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လယ်ယာကဏ္ဍမူဝါဒ ၁၀ ချက်မှ သုတေသန၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာဖြန့်ဖြူးခြင်းဆိုင်ရာ မူဝါဒအရ ကဏ္ဍအလိုက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ ပြန့်ပွားရေးကို ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်လာစေရေးတို့အပြင် သီးနှံမျိုးကောင်းမျိုးသစ်များ ရရှိရေးအတွက် မျိုးသစ်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို မျိုးစေ့ဥပဒေ၊ မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလအထိ သီးနှံ ၅၉ မျိုး၏ မျိုးကွဲ ၈၀၃ မျိုးနှင့် မိဘမျိုးလိုင်း ၈၃ လိုင်းတို့ကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ယခုအစည်းအဝေးတွင် အသိအမှတ်ပြုလက်မှတ် လျှောက်ထားသည့် သီးနှံ ၁၅ မျိုး၏ မျိုးသစ်မျိုးဖျား ၃၀၊ မိဘမျိုးလိုင်း ၁၉ လိုင်းတို့နှင့် သက်ဆိုင်သည့် အချက်အလက်များကိုစိစစ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

ရွှေ့ပြောင်းသွားလာ နေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Migrant Health Task Force) ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၇ ရက်တွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာနေထိုင်သူများ အရေအတွက်သည် ပြည်တွင်း၌သာမက ပြည်ပ၌ပါ များပြားလာသည့်အတွက် ၎င်းတို့၏ ကျန်းမာရေးအတွက် တိကျသော မူဝါဒချမှတ်၍ လက်လှမ်းမီ ကျန်းမာရေး စောင့်ရှောက်မှုများပေးရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်း လက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေး ရည်မှန်းချက်အတွက် အမျိုးသား ကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁ ခုနှစ်) ရေးဆွဲ ဆောင်ရွက်နေရာတွင်လည်း Migrantion Health သည် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ Migrantion Health Policy ထွက်ပေါ်လာရေးအတွက် မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှု အဆင့်ဆင့်တွင် နီးနွယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပါကြောင်း၊ ယနေ့ တက်ရောက်လာသော အဆင့်မြင့် အရာရှိကြီးများနှင့် ဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် အစည်းအဝေးရည်မှန်းချက်များအတိုင်း ရလဒ်များထွက်ပေါ်လာစေရေး တက်တက်ကြွကြွ ဆွေးနွေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။




ထို့နောက် International Organization for Migrantion (IOM)အဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Akio Nakayama က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစုစုလင်းက တင်ပြဆွေးနွေးပြီး IOM အဖွဲ့မှ Dr. Patrick Almcida နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးစည်သူသိန်းတို့က Migrantion Health ဆိုင်ရာ လက်ရှိအခြေအနေသုံးသပ်ခြင်း သုတေသနရလဒ်များကို တင်ပြခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ တင်ပြခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ပြီးနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ IOM အဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြိတ်မြို့၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာပေစကားဝိုင်းကျင်းပ

**မြိတ် ဇူလိုင် ၁၇**

ယနေ့လူငယ်များ စာဖတ်အားကောင်းလာပြီး စာအုပ်စာပေ၏တန်ဖိုးကို သိရှိနားလည်လာစေရန်အတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းမှ ဦးဆောင်၍ စာပေစကားဝိုင်းကို ဇူလိုင် ၁၇ရက် မွန်းလွဲပိုင်းက မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

စာပေစကားဝိုင်းတွင် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်း၊ မြိတ်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဇော်ဝင်း၊ စာရေးဆရာကဗျာဆရာ နရီ(မြိတ်)၊ ကဗျာဆရာမောင်ယုပိုင်၊ စာရေးဆရာ ဦးစိုးအောင်(သုတေသီ)၊ ဦးထွန်းဝင်း(စာရေးဆရာမိုးမြင့်မိုး)၊ စာရေးဆရာ-ပန်းချီ ဦးအင်စိုး(မာန်-မြန်မာပြည်တောင်ပိုင်း)၊ စာရေးဆရာဝင်းမြအောင်(မြိတ်)နှင့် စာရေးဆရာများ၊ စာပေဝါသနာရှင်များက ဦးဆောင်၍ စာရေးဆရာကြီး ဦးအောင်သင်းရေးသားသည့် နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ စာအုပ်ကိုဦးတည်ကာ ယင်းစာအုပ်မှရရှိသည့် ရသ၊ သုတ၊ နာယူမှတ်သားဖွယ်ရာများ၊ ဆောင်းပါးခေါင်းစဉ်တစ်ခုချင်းစီအလိုက် ခံစားမှတ်ယူခဲ့ရသည့် သိသင့်သိထိုက်တွေးတောဆင်ခြင်ဖွယ်ရာများ၊ နှလုံးသားအာဟာရများ၊ ဘဝခွန်အားများကို ငါးဦးတစ်ဖွဲ့စီဖြင့် ဖတ်ရှုဆွေးနွေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ရွှေပြည်သာ ဇူလိုင် ၁၇**

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြုလုပ်သော လူငယ်နှင့် အနာဂတ်ပညာရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ရွှေပြည်ရတနာ) ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးကျော်ဦး၊ NETC.Pre-School မှ ဦးစန်းလှိုင်ထွန်း၊ မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ကျော်ခိုင်ခန့်တို့က ပြည်သူ့စကားဝိုင်းတွင် လူငယ်နှင့် အနာဂတ်ပညာရေး ခေါင်းစဉ်နှင့်ပတ်သက်၍ မိဘနှင့် ဆရာများအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မိဘများအနေဖြင့် ယနေ့ ပညာရေးစနစ်သစ်ပြောင်းလဲမှုအပေါ် နားလည်သဘောပေါက်ရန်၊ ခေတ်နှင့်အညီ ပညာအရည်အချင်းရှိမှသာလျှင် နိုင်ငံတော်အတွက် ထက်မြက်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ကြမည်မှာ အမှန်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများကလည်း ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**





# ဂန့်ဂေါမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပမည်

**ဂန့်ဂေါ ဇူလိုင် ၁၇**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂန့်ဂေါမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ စာဖတ်ဝိုင်းပြုလုပ်ရေးအစည်းအဝေးကို ဇူလိုင် ၁၇ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက အစည်းအဝေးပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးအောင်စိုးမင်းက စာဖတ်ဝိုင်းပြုလုပ်ရာတွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်အားတင်ပြရာ တက်ရောက်လာကြသည့် အဖွဲ့ဝင်များအားလုံးက ဇူလိုင် ၂၅ ရက်တွင် စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပနိုင်ရေး ဆုံးဖြတ်ကြသည်။

အဆိုပါနေ့တွင် ကျော်ဝင်း၏ နှစ်ဆယ့်တစ်ရာစု သားရွှေဥ စာအုပ်ပါ အကြောင်းအရာများကို ကဏ္ဍခွဲ၍ သုံးသပ်ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်

**နေပြည်တော် ဇူလိုင် ၁၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၇၅၁၀၊ အမျိုးသမီး ၁၂၁၈၁ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၉၆၉၁ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း လက်ခံရရှိမှု ၁၁၉ မှုတွင် ကျေအေးမှု ၄၁ မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၁ မှု၊ ပိတ်သိမ်းမှု ရှစ်မှု၊ ငွေကြေးအကျိုးခံစားခွင့် ၅၉ မှုတို့ဖြစ်ပြီး အလုပ်သမား ၁၂၆ ဦးအတွက် ငွေကျပ် ၅၂၉၃၂၈၈၆ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ ကျော်နှင့် US$ ၈၇၄၂ ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၉၄၀ မှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၇၉ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီက အလုပ်သမားရေးရာ အငြင်းပွားမှု ရှစ်မှုနှင့် ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု ၁၈ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၈၅၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၆၉၈ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် သိန်း ၈၃၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၈ ခုနှစ် ဇွန်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အလုပ်သမားဆေးရုံကြီး သုံးရုံ(ပြင်ပလူနာ ၇၉၁၇ ဦး၊ အတွင်းလူနာ ၇၆၅ ဦး) စုစုပေါင်း ၈၆၈၂ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်း၊ လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း သုံးခန်းတို့မှ ဆေးကုသပေးမှုအနေဖြင့် ၆၈၄၁၈ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု ငါးကြိမ်မှ ၁၂၉၅ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု အကြိမ် ၈၀ မှ ၂၆၇၂ ဦးတို့ကို ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း ချေးငွေများထုတ်ပေး

**အုတ်တွင်း ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အုတ်တွင်းမြို့နယ်ရှိ ကျေးရွာပေါင်း ၃၂ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ နှစ်ရွာအား တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါကျေးရွာ နှစ်ရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေထုတ်ပေးခြင်းကို မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများနှင့်အတူ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ရေဖြူကင်း(အနောက်)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း ၇၇ ဦးအတွက် စီမံကိန်းငွေကျပ် ၂၉၉ သိန်းကို လည်းကောင်း၊ သရက်ပင်မောင်နှမကျေးရွာအုပ်စု ကရင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း ၉၆ ဦးအတွက် စီမံကိန်းချေးငွေကျပ် ၂၉၉ သိန်းကို လည်းကောင်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်လေးပင်၌ ကျေးလက်အိမ်သုံးမီတာများ တပ်ဆင်ပေး

**ညောင်လေးပင် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် အလင်းရောင်စီမံချက်ဖြင့် ကျေးလက်သုံးအိမ်သုံးမီတာများ ကျေးရွာအရောက် နေ့ချင်းပြီးတပ်ဆင်ခြင်းကို ဇူလိုင် ၁၆ ရက်က ဇီးကုန်းကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါစီမံချက်အရ ညောင်လေးပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်စိုး ဦးဆောင်၍ ကျေးရွာနေပြည်သူများအား လျှပ်စစ်မီးအန္တရာယ်ကင်းစွာသုံးစွဲတတ်ရေး အသိပညာပေးဟောပြောကာ ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများဖြင့် ရှမ်းစုကျေးရွာတွင် အိမ်ထောင်စု ၁၀၇ စုရှိသည့်အနက် အိမ်သုံးမီတာလျှောက်ထားသည့် အိမ်ထောင်စု ၅၄ စုအတွက် အိမ်သုံးမီတာ ၅၄ လုံး တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များအကြား (၅)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**ဒါကာ ဇူလိုင် ၁၇**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များအကြား (၅)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇူလိုင် ၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ယာယီရဲမှူးချုပ် မျိုးသန်း ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(BGB)ဌာနချုပ်မှ တွဲဖက်ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် Md Anisur Rahman ဦးဆောင်သော ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှု တားဆီးကာကွယ်ရေး၊ နယ်စပ်ဒေသအနီးဖြစ်ပွားသော ဖြစ်စဉ်များ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများ၊ နယ်နိမိတ်မျဉ်းတစ်လျှောက် ဟန်ချက်ညီကင်းလှည့်မှုများပြုလုပ်ရေး၊ ဒေသအဆင့်၊ တပ်ရင်းအဆင့်၊ ကင်းစခန်းအဆင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ရေး၊ တပ်ရင်းအဆင့်၊ ကင်းစခန်းအဆင့် သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး၊ နယ်စပ်ဆက်ဆံရေးရုံး(BLO) ဖွင့်လှစ်ရေး၊ ဒုစရိုက်သမားများ၊ ဝရမ်းပြေးများကို ဖမ်းဆီးပေးရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့(BGP)နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်(BGB)တို့အကြား ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်အပါအဝင် ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များပြုလုပ်ရေး စသည့် အကြောင်းအရာများအပါအဝင် နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



ထို့အပြင် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဆက်ဆံရေးရုံး (BLO)ကို ကော့ဘဇားခရိုင် တက္ကနာ့ဖ်မြို့၌ မကြာမီကာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းအချက်အလက်များအား အပြန်အလှန်ဖလှယ်၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လယ်ငါးဖမ်းလုပ်ငန်းများဖွံ့ဖြိုးရေး ရေလုပ်ငန်းရှင်များနှင့် ဒေသခံများ တွေ့ဆုံဆွေးနွေး

**ဖျာပုံ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ဒေသခံများနှင့် လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် အမာမြို့ ခါးပြတ်ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်းက အမှာစကားပြောကြားပြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်မောင်က မြန်မာ့ပင်လယ်ပြင်ရှိ ဧရာဝတီငါးဖမ်းကွက်များမှ အင်္ဂလန်ကျားဖောင် ငါးဖမ်းကွက်အခြေအနေ၊ ရေလုပ်ငန်းရှင်နှင့် ရေလုပ်သားများ နှစ်ဦးသဘောတူ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့် ပတ်သက်သော သိကောင်းစရာများကို လည်းကောင်း၊ ဖျာပုံခရိုင် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူး ဘချစ်နှင့် ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆွေဦးတို့က ပင်လယ်ပြင် ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော သင်ခန်းစာယူစရာမှုခင်းဖြစ်ရပ်များ၊ လိုက်နာသင့်သည့် ပြစ်မှုဆိုင်ရာ ဥပဒေများ၊ မှုခင်းလျော့ပါးစေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အချက်အလက်များကို လည်းကောင်း၊ အမာမြို့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်က ကျေးရွာအငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း၊ ဖျာပုံခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ ဦးမျိုးမြင့်က ရေလုပ်ငန်းနှင့် ပတ်သက်၍ အာမခံထားနိုင်သည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသည့် ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများကလည်း သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

မြန်မာ့ပင်လယ်ပြင်တွင် ဧရာဝတီတိုင်းဒေသကြီးအတွက် ငါးဖမ်းဧရိယာ ၄၄ ကွက် ဖမ်းဆီးခွင့်ရရှိထားသည့်အနက် ဖျာပုံမြို့နယ်အတွင်းမှ အင်္ဂလန်ကျားဖောင်လုပ်ငန်းရှင်များသည် နှစ်စဉ် ငါးဖမ်းဧရိယာ D4. D5, D9.D10, C10 ငါးဖမ်းကွက်များ၌ အင်္ဂလန်ကျားဖောင်ငါးဖမ်းဆီးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# တနင်္သာရီမြို့နယ်၌ မိုးရွာသွန်းပြီး မြစ်ရေကြီးမှုကြောင့် ကျောင်း ၁၂ ကျောင်း ယာယီပိတ်ထား

**တနင်္သာရီ ဇူလိုင် ၁၇**

တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ရပ်ကွက်၊ ကျေးရွာများအတွင်း ရေလွှမ်းမိုးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ အခြေခံပညာ ကျောင်း ၁၂ ကျောင်းအား ယနေ့နံနက်ပိုင်းမှစ၍ ရေကြီးနေစဉ်ကာလအတွင်း ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။



အဆိုပါ ပိတ်ထားသောကျောင်းများမှာ ဆင်ခြေဖုံးကျေးရွာအုပ်စု မူ(လွန်)ဘန်းသဲရွာ၊ အမက-တပ်ဦးရွာ၊ သိန္ဓောကျေးရွာအုပ်စု သူငွေးအရှေ့ရွာ၊ မော်တုန်းကျေးရွာအုပ်စု အလက(ခွဲ)မော်တုန်း အနောက်ကျေးရွာ၊ တမုတ်ချုန်းကျေးရွာအုပ်စု ကျောက်မီးကျောင်းရွာ၊ မြန်မာအင်းတော်ရွာ၊ ပဝကျေးရွာအုပ်စု သက္ကယ်ကျော်ရွာ၊ ပဝကျွန်းရှည်ရွာ၊ ပဝထိန်ရွာ၊ ပဝဝါသရွာ၊ ပဝပိန်းတောရွာတို့ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

### ✳ မြန်မာ-ဘင်္ဂလားဒေ့ရှ်မှ

၁၀ နာရီ ၁၀ မိနစ်အထိ နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိလည်းကောင်း၊ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီ မှ ၁၁ နာရီ ၁၀ မိနစ်အထိ နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိ လည်းကောင်း၊ နံနက် ၁၀ နာရီ ၁၅ မိနစ်မှ ၁၁ နာရီခွဲအထိ နယ်ခြားမှတ်တိုင် ၄၇ မှ ၄၈ အထိ လည်းကောင်း၊ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီ မိနစ် ၂၀ မှ ၁၁ နာရီအထိ နယ်ခြားမှတ်တိုင် ၄၈ မှ ၄၉ အထိ လည်းကောင်း မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် တစ်ကြိမ်၊ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် တစ်ကြိမ် ဆောင်ရွက်ခဲ့သည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၄ ကြိမ်၊ မတ်လတွင် ခုနစ်ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် ၁၈ ကြိမ်၊ ဇူလိုင်လတွင် ရှစ်ကြိမ် စုစုပေါင်း ၆၃ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်း ၁၀ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

### ❖ ကျော့ဖုံးမှ

နီပေါ၊ Pot-4 တွင် ဘင်္ဂလားဒေ့ရှ်၊ တာဂျစ်ကစ္စတန်၊ မော်လ်ဒိုက်၊ Pot-5 တွင် ဂူအမ်၊ လက်ဘနွန်၊ မကာအိုနှင့် မွန်ဂိုလီးယားအသင်းတို့ ပါဝင်နေသည်။

ဒုတိယအဆင့်တွင် ဗီယက်နမ်နှင့် ဥဇဘက်ကစ္စတန်၊ တတိယအဆင့်တွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ သြစတြေးလျ၊ တရုတ်နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရလေးသင်းအနက် အကောင်းဆုံးနှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်တို့နှင့် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲအား လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးသုံးသင်းမှာ တတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ယင်းအဆင့်တွင် စတင်ယှဉ်ပြိုင်ခွင့်ရထားသည့်ငါးသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းစီမှာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲအပြီး ရပ်တည်မှုအရ အုပ်စု(က)ပထမနှင့် အုပ်စု(ခ) ဒုတိယအသင်း၊ အုပ်စု(ခ)ပထမနှင့် အုပ်စု(က)ဒုတိယနေရာရအသင်းတို့ ပြန်လည်ကစားကာ အနိုင်ရသည့်နှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲကို သီးခြားကျင်းပမည်ဖြစ်ပြီး အဆင့်လေးခုခွဲ၍ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်၊ ဒုတိယအဆင့် ခြေစစ်ပွဲကို ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ ၉ ရက်၊ တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ သို့မဟုတ် ဖေဖော်ဝါရီ၊ နောက်ဆုံးအဆင့် ခြေစစ်ပွဲကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# ကျောက်မဲ၌ တွဲယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်

**သီပေါ ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် နားခေါ်ကျေးရွာအုပ်စု ပန်တုတ်ကျေးရွာ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၁၁၁/၁-၂)ကြား၌ ဇူလိုင် ၁၆ ရက်က မင်းခန့် မောင်းနှင်လာသော ကျောက်မီးသွေးများ တင်ဆောင်လာသည့် တွဲယာဉ် 2E/---- ၏ ယာဉ်အင်ဂျင်ခေါင်းခန်းအတွင်း သွယ်တန်းထားသောဝိုင်ယာကြိုးများ ဟောင်းနွမ်းဆွေးမြည့်၍ ပူးကပ်ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းခဲ့သည်။ အခင်းဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ မီးငြိမ်းသတ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၁၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက် အမှတ်၊ ၅ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**
**"တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | မူဆယ်မြို့တွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု များစွာရှိကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၁၈ ရက်နေ့တွင် မူဆယ်မြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၄)၊ ထွန်းချယ်ရီလမ်း၊ အိမ်အမှတ်(တ/၃၄၈)နေ မအေးဟွမ်(ခ) မမိုးအောင် (၃၃)နှစ်၊ (ဘ)ဦးပေဖူးနှင့် အိုက်ရီ(ခ)လှတင်(၂၈)နှစ်၊ (ဘ) ဦးထွန်းဝင်းတို့အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ) ၈၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ပုတာအိုမြို့နယ်၊ လမ်းတောင်ကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲသူ၊ ဖြန့်ဖြူးသူ ၂ မျိုးစလုံး ညနေပိုင်းတွင် အဖြစ်များကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၁၈ ရက်နေ့တွင် ပုတာအိုမြို့၊ လန်းတောင်(၂)ကျေးရွာနေ ဆာမိုရီ (ခ)ဆာမောရီအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပုတာအို) မယ(ပ) ၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နှင့် ပိုးစာကုန်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၇-၂၀၁၈ ရက်နေ့တွင် ပိုးစာကုန်းရွာနေ သန်းထွေး (၄၅)နှစ်၊ (ဘ) ဦးလှသိန်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၇-၇-၂၀၁၈ ရက်နေ့တွင် ပိုးစာကုန်းရွာနေ အောင်ဌေး (၃၆)နှစ်၊ (ဘ) ဦးမောင်အဲအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ) ၄၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ နိုင်ဝင်း (၃၄)နှစ်၊ (ဘ) ဦးရွှေမြားနှင့် သန်းဆောင် (၄၃)နှစ်၊ (ဘ)ဦးအုန်းမောင်တို့ (၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၄၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) /၂၁ ဖြင့် လည်းကောင်း၊ ၉-၇-၂၀၁၈ ရက်နေ့တွင် တွန်းပင်ကျေးရွာနေ ဖိုးသား (ခ)အောင်စန်းမင်း(၄၈)နှစ်၊ (ဘ) ဦးအောင်ဆန်းတင်နှင့် အောင်မျိုးမင်း (၃၁)နှစ်၊ (ဘ) ဦးအောင်ဆန်းတင်တို့(၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မမစ (မော်လိုက်) မယ(ပ) ၁၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ-၁၆ (ဂ)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မြောက်ဥက္ကလာပမြို့နယ်၊ မုဒိတာလမ်း၊ အမှတ် ၃၀၈ နေ ဦးလှစိုးသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၇-၂၀၁၈ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရပ်ကွက်(၂)၊ မုဒိတာလမ်းနေ လှစိုး(၅၃)နှစ်၊ (ဘ)ဦးမောင်ဟန်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ) မယ(ပ)၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မိုးမခလမ်းထောင့်၊ ၉ ရပ်ကွက်၊ အပိုင်း ၃ ရှိ ရွှေကမ္ဘာသက်န်းဆိုင် အနီးတွင် ဆေးပြားများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၇-၂၀၁၈ ရက်နေ့တွင် ဇော်ဇော်လင်း(ခ)ဇော်လင်း(၁၆)နှစ်၊ (ဘ)ဦးကြည်ဝင်း၊ ဇင်ထွန်း(၁၇)နှစ်၊ (ဘ)ဦးလှမျိုး၊ နေလင်းကို(ခ) ကျူးလေး (၁၆)နှစ်၊ (ဘ)ဦးဇင်ကိုတို့ (၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သောင်းကြီး) မယ(ပ) ၃၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ-၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ဦးမောင်သိန်းမှာ ငှက်ပျောတောကျေးရွာအနောက်ဘက်ရှိ ၎င်းတို့ပိုင်တောင်ယာတောတွင် မူးယစ်ဆေးဝါးလုပ်ငန်း ဆောင်ရွက်နေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၁၈ ရက်နေ့တွင် ငှက်ပျောတောကျေးရွာ မြောက်ဘက်ရှိ တောင်ယာတဲတွင် မောင်သိန်း (၅၈)နှစ်၊ (ဘ)ဦးဘရှင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗန်းမော်) မယ(ပ) ၁၀၈/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ပြင်ဦးလွင်မြို့နယ်နှင့် ထိစပ်နေသည့် နောင်ချိုမြို့နယ် ဆင်စားကုန်းရွာတွင် ပြင်ဦးလွင်မြို့မှ မူးယစ်ဆေးဝါးများ လာဝယ်ကြကြောင်း သတင်းပေးပို့ခြင်း။ | ၄-၇-၂၀၁၈ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ဆင်စားကုန်းကျေးရွာနေ မရွှေစင်(၃၄)နှစ်၊ (ဘ) ဦးစိုင်းထိုအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုးပင်) မယ(ပ)၁၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ကုသလ(၃၉)နှစ်၊ (ဘ) ဦးမောင်ရွှေနှင့် လွှမ်းမိုး(၂၅)နှစ်၊ (ဘ) ဦးမောင်မောင်တို့ (၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုးပင်) မယ(ပ)၁၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ အောင်မြ(ခ) အာသဖ(၄၃)နှစ်၊ (ဘ)ဦးမောင်ရွှေအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် နမစ(ဒိုးပင်) မယ(ပ) ၁၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှေညောင်မြို့၊ မင်္ဂလာရွှေဗဟိုရပ်ကွက်၊ နယ်မြေ(၅)၊ အမှတ် (၅/၆၄)နေ တရုတ်ကြီး(ခ) ဟန်ထူးပိုင်သည် နေအိမ်တွင် ဖုန်းပြင်သည်ဟု အကြောင်းပြကာ လွန်ခဲ့သော (၆)လခန့်မှစ၍ နေ့စဉ်မွန်းလွဲ (၂)နာရီမှ ည(၇)နာရီခန့်အထိ လူကြီး/လူငယ် (၁၀)ဦး ခန့်နှင့်အတူ ၎င်း၏နေအိမ်တွင် မူးယစ်ဆေးဝါးများ သုံးစွဲလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၁၈ ရက်နေ့တွင် ဟန်ထူးပိုင်(ခ)တရုတ်ကြီး(၂၅)နှစ်၊ (ဘ)ဦးစောလွင်၊ ကျော်ထက်အောင်(၂၁)နှစ်၊ (ဘ)ဦးအောင်နိုင်နှင့် စိုင်းသူရိန်ကို (ခ)ဖိုးညို (၁၈)နှစ်၊ (ဘ)ဦးအောင်နိုင်တို့ (၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ(ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဘောဂလမ်း၊ တိုက်(၄၃)၊ (၄) လွှာ ဘယ်ဘက်အခန်း၊ ဟိန္ဒူဘုရားကျောင်းရှေ့တွင် မူးယစ်ဆေးဝါးများအား လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေပြီး နေ့စဉ် လာရောက်ဝယ်ယူသူ များပြားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၁၈ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (ဂ) ရပ်ကွက်၊ ဘောဂလမ်း၊ တိုက်(၄၂)၊ (၄)လွှာနေ လှနိုင် (ခ)ဒင်ကြီး(ခ)ဒင်မဲ၊ (၅၄)နှစ်၊ (ဘ)ဦးမောင်မောင်အေး၊ နိုင်ဝင်းထွန်း (ခ) မူတူးနှင့် သက်ဝေထွန်း(ခ)ဖိုးသား တို့(၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုဝဏ္ဏ) မယ(ပ)၃၂/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ ဆင်ဖြူဈေး၊ အခန်း အမှတ် (S-9) တွင် ချိုကြီးသည် မူးယစ်ဆေး (၁)ပြားလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် လက်လီ/လက်ကား ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၇-၂၀၁၈ ရက်နေ့တွင် မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ ဆင်ဖြူဈေးဝင်း တိုက်ခန်းအမှတ် (S-9)နေ ချိုကြီး (ခ) နိုင်လင်းလင်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ) ၈၂/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တိုက်ခန်းအမှတ် (၁၀)နေ မတင်တင်ဌေး (ခ)ထိပ်တင်လှိုင် (၄၂)နှစ်၊ (ဘ) ဦးရဲမြင့်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မူဆယ်)မယ(ပ)၈၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မူဆယ်မြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၄)၊ အိမ်အမှတ် (တ/၃၃၈)နေ ဒေါ်လွှမ်းစိန် (၅၀)နှစ်၊ (ဘ)ဦးကျော်လှနှင့် ခင်ပွန်းဖြစ်သူ ခင်မောင်လွင် (ခ) အိုက်လွင် (၄၃)နှစ်၊ (ဘ)ဦးအုန်းငွေတို့(၂)ဦးအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ)၈၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ငါးသယ်ရွာနေ ဦးတင်ငွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၈-၇-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ငါးပယ်ရွာနေ တင်ငွေ (၆၈)နှစ်၊ (ဘ)ဦးမြင့်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တင်းတိမ်ယံ) မယ(ပ)၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၃/၁) ရပ်ကွက်တွင် နေ့စဉ်နံနက် ၀၈း၀၀ နာရီခန့်မှ ည ၂၂း၀၀ နာရီခန့်အထိ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၃/၁)ရပ်ကွက်၊ သာယာကုန်းလမ်းအတွင်း နိုင်ကိုထက်(ခ)တောကြက် (၂၆)နှစ်၊ (ဘ)ဦးတင်ထွဋ်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၃၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ (၇) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄၉၈/ခ)၊ အခန်း(၂)တွင် ဖိုးတာ(ခ)နိုင်ဝင်း(၂၂)နှစ်၊ (ဘ)ဦးမြစိန်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ(လှိုင်သာယာ) မယ(ပ)၃၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁/၂၂(ခ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

**စာမျက်နှာ ၁၄ သို့ ❖**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# ထမန်မှသည် ထမံသီသို့ - ၁

ညီတူး

## ထမံသီကို လွန်၍ ဘေးမဲ့တောသို့

ချင်းတွင်းမြစ်ညာ၏ အနောက်ဘက်ဆိပ်ကမ်းတစ်ခု၌ (ရုပ်ပြေး) မော်တော်ဆိုက်ကပ်လိုက်ချိန်တွင် ထူးခြားသော ဝိသေသများဖြင့် နာမည်ကျော်လူသိများလှသည့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှ ထမံသီစံပြကျေးရွာသို့ ရောက်ပါပြီ။

ထမံသီရွာမှာ အိမ်ခြေ ၂၂၀ ကျော်ရှိ၍ ဒေသခံထမန်းမျိုးနွယ်များဖြစ်သော ရှမ်း၊ နာဂ၊ ချင်းနှင့် ဗမာများလည်း နေထိုင်ကြပြီး စပါး၊ လက်ဖက်နှင့် တခြားကျပန်းအလုပ်များဖြင့် အသက်မွေးကြသည်။ ခန္တီးမြို့မှ ထမံသီသို့ ထမံသီရွာကို လွန်လျှင် ယင်းကျေးရွာကို အစွဲပြု၍ မှည့်ခေါ်ထားသည့် ချင်းတွင်းမြစ်ရိုးကြီး၏ ရေဝေရေလဲဒေသဖြစ်သော ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ရှားပါးသစ်ပင်ပန်းမန်များ၊ ရှားပါးသားငှက်များ ပေါကြွယ်ဝစွာဖြင့် မြင်တွေ့ရပါလိမ့်မည်။

"ထမံသီဘေးမဲ့တောဟာ စစ်ကိုင်းတိုင်းဒေသကြီးထဲက ဟုမ္မလင်းမြို့နဲ့ ခန္တီးမြို့နယ် နှစ်ခုနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဧရိယာတစ်ခုပါ။ ဒီမှာက ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ပတ်သက်လို့ ကင်းလှည့်ထိန်းသိမ်းရေးကို အဓိက ဦးစားပေး ဆောင်ရွက်ပြီးတော့ သုတေသနလုပ်ငန်းတွေကိုလည်း ဆောင်ရွက်တဲ့ ဘေးမဲ့တောပါ"ဟု အဆိုပါ ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးသန်းလင်းက ပြောသည်။

### တစ်ခုတည်းသော ဘေးမဲ့တော

ဘေးမဲ့တောထဲတွင် ဆင်၊ ဝက်ဝံကြီး၊ မလေးဝက်ဝံ၊ ပြောင်၊ အရှေ့ခြမ်းမျောက်လွှဲကျော်(မျက်ကွင်းဖြူ)၊ သင်းခွေချပ်နှင့် အခြားသောမျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်များစွာရှိပြီး လူများ အခြေချနေထိုင်မှု မရှိသေးသည့် တစ်ခုတည်းသော ဘေးမဲ့တောကြီးလည်းဖြစ်သည်။ ကျား၊ ကျားသစ်၊ အင်းကျားနှင့်အခြား အာရှကြောင် မျိုးစိတ်များလည်း ကျက်စားသည့် ဇီဝမျိုးစုံ မျိုးကွဲများ ကြွယ်ဝသော ရေဝေရေလဲဒေသအဖြစ် အရေးကြီးလှသည်။ မျိုးသုဉ်းပျောက်ကွယ်သွားပြီးဖြစ်သည့် ကြံ့များ လွန်ခဲ့သော ဆယ်စုနှစ်များအလွန်က ကျက်စားခဲ့သော မှတ်တမ်းများလည်းရှိသည်။

ငှက်မျိုးစိတ်တွင် အလွန်ရှားပါးသော တောဘဲမန်ဒါလီကို အခြားနေရာများထက် ပေါပေါများများ မြင်တွေ့နိုင်ပြီး ရေဗလုံကဲ့သို့ အခြားရှားပါးငှက်မျိုးစိတ်များလည်း ကျက်စားသည်။ သစ်ကတိုး၊သစ်မွှေး၊ ကံ့ကော်၊ ကညင် အပါအဝင် အခြားရှားပါးသစ်ပင်များ၊ ဆေးပင်များလည်း ပေါက်ရောက်သည်။ ဘေးမဲ့တောကြီးနှင့် ရွာကြားက ကြားခံတောမှာ သုံးမိုင်မှ ငါးမိုင်အထိ ကျယ်ဝန်းပြီး ဒေသခံများ ဘေးမဲ့တောသို့ တိုက်ရိုက်မဝင်ရောက်နိုင်သော ဧရိယာ ကြီးပင်ဖြစ်သည်။ ကမ္ဘာ့ဒုတိယအရှားပါးဆုံးလိပ်ဖြစ်သော တိုက်လိပ် (ဒေသအခေါ် ခုနစ်စင်ကြယ်လိပ်)များလည်း ရှင်သန်လျက်ရှိသည်။

### ရေဝေရေလဲ ဧရိယာအားလုံးပါဝင်

ဘေးမဲ့တောသည် ဟုမ္မလင်းမြို့နယ် မှိုင်းဝေကျေးရွာက ချင်းတွင်းမြစ်နှင့် ဆုံရာ နမ့်ဌေသိုင်းချောင်းမှ ခန္တီးမြို့နယ် လင်းဖားကျေးရွာ ချင်းတွင်းမြစ်နှင့် ဆုံရာ နမ့်ဖီးလင်းချောင်း နှစ်ခုအကြားတွင်ရှိသော ရေဝေရေလဲ ဧရိယာအားလုံးပါဝင်သည်။

မြောက်ဘက်တွင် နမ့်ဖီးလင်းချောင်းနှင့် လက်ယာဘက်လက်တက်နမ့်ကပ်ချောင်းတို့ဆုံရာမှ စတင်၍ နမ့်ဖီးလင်းချောင်းလက်ဝဲဘက်အတိုင်း ဆန်တက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောနယ်နိမိတ်ပေါ်ရှိ တောင် အမြင့် ၁၂၂၈ ပေ အထိဖြစ်သည်။ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောနယ်နိမိတ်တစ်လျှောက်မှ တောင်နီတောင်အမြင့် ၁၇၆၇ ပေ အထိဖြစ်သည်။

ထိုမှတစ်ဆင့် နမ့်ကွန်ချောင်းဖျားမှ စုန်၍ နမ့်ချိုက်တိုက်ချောင်းနှင့် ဆုံသည်အထိ နမ့်ချိုက်တိုက်ချောင်းအတိုင်းတစ်ဖန်စုန်၍ နမ့်အီဘောချောင်းနှင့်ဆုံသည်အထိမှာ တောင်ဘက်နယ်နိမိတ်ဖြစ်သည်။



အနောက်ဘက် အရှေ့မြောက်ယွန်းယွန်းဆီသို့ တက်လျှင် နမ့်အီဘောချောင်းနှင့် နမ့်ရမ်းရင်ချောင်းတို့၏ ခင်ကြောအတိုင်း လိုက်သွားလျှင် နမ့်ရမ်းရင်ချောင်းနှင့် နမ့်အော်ဆော်ချောင်းတို့ ဆုံရာအထိ၊ ထိုမှ နမ့်အော်ဆော် ချောင်းနှင့် နမ့်စပိုချောင်းရိုးအတိုင်းလိုက်လျှင် နမ့်ပုဂ္ဂန်ချောင်းနှင့် နမ့်ထွေ တုံးလုံးချောင်းဆုံရာအထိ၊ ထိုမှ ခင်ကြောအတိုင်းလိုက်သွားလျှင် နမ့်ပုမွေချောင်းနှင့် နမ့်စမုံချောင်းတို့ ဆုံရာအထိ၊ ထိုမှ ခင်ကြောအတိုင်း ဆက်လိုက် သွားလျှင် နမ့်အီဇူးချောင်းနှင့် နမ့်နတ်အီဇူး ချောင်းတို့ဆုံရာအထိ၊ ထိုမှ ခင်ကြောအတိုင်း ဆက်လိုက်သွားလျှင် နမ့်အိုက်တောင်းချောင်းနှင့် နမ့်ပန်ဆင် ချောင်းတို့ဆုံရာအထိ၊ ထိုမှ နမ့်ပန်ဆင်ချောင်းနှင့် နမ့်အိုင်တောင်း ချောင်းရိုးအတိုင်း မြောက်ဘက်သို့ လိုက်သွားလျှင် မူလစတင်သည့် နေရာအထိမှာ အနောက်ဘက်နယ်နိမိတ်ဖြစ်သည်။

### ဘေးမဲ့တောအဖြစ် သတ်မှတ်

၁၉၇၄ခုနှစ် မေလ ၁ရက်တွင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး မြန်မာပြည်အထက်ပိုင်း ချင်းတွင်းမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည့်အတွက် ဧရိယာ၏ သုံးပုံ နှစ်ပုံမှာ အမြဲစိမ်းတောများဖြစ်ကာ တောင်နီတောင်တန်း၊ နွယ်ဒမိန်းတောင်တန်းတို့တွင် အထက်ရွက်ပြတ်ရောနှောတော အနည်းငယ်ရှိသည်။ ဘေးမဲ့တောမှာ ဧက ငါးသိန်းသုံးသောင်းကျော် (၈၃၀. ၄ စတုရန်းမိုင်) ကျယ်ဝန်းသည်။

နမ့်စဖီး၊ နမ့်အီးဇူး၊ နမ့်ပုဂ္ဂန် နှင့် နမ့်ရန်ရင်တို့တွင် ကင်းစခန်းများ အထိုင်ချ တည်ဆောက်၍ ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကာ နမ့်ဖီလင်း၊ နမ့်ပုဂ္ဂန်၊ နမ့်ရန်ရင်နှင့် နမ့်အီးဇူးဟူ၍ ဇုန်လေးဇုန်ခွဲကာ အုပ်ချုပ်ကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးက ရှင်းပြသည်။

"ဒီလို အထိုင်ကင်းစခန်းတွေချပြီးတော့ မိုးတွင်းကာလမှာဆိုရင် စက်လှေနဲ့ ကင်းလှည့်သလို ပွင့်လင်းရာသီမှာဆိုရင် ဆိုင်ကယ်နဲ့သော်လည်းကောင်း၊ ခြေကျင်သော်လည်းကောင်း ဆောင်ရွက်ပါတယ်။ အိမ်တစ်အိမ်မှာ ခြံစည်းရိုးလုံရင် သူခိုးအခိုးမခံရသလိုပဲ ကျွန်တော်တို့ရဲ့ သဘာဝနယ်မြေကြီး ခြံစည်းရိုးလုံဖို့အတွက် ဦးစားပေးဆောင်ရွက်ပါတယ်။ ကင်းလှည့်လုပ်ငန်းမှာ ဘေးမဲ့တောထဲ ထင်းခုတ်တာ၊ သစ်ထုတ်တာ၊ မြေယာကျူးကျော်တိုးချဲ့တာ၊ သားကောင်ပစ်ဖမ်းတာ၊ ရွှေကျင်တာ၊ ငါးရှော့တိုက်သူတွေ မဝင်ရောက်နိုင်အောင် အတွင်း၊ အပြင် ထိန်းသိမ်းရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက် ပါတယ်၊ ဒီကြားထဲ သတင်းတွေရလို့ လိုအပ်ရင် စစ်ကြောင်းထိုးပါတယ်"ဟု ဦးသန်းလင်းက ပြောသည်။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

ကင်းလှည့်ထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ငန်းများကို သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်အောက်ရှိ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းဘေးမဲ့တောတွင် သုတေသနလုပ်ငန်း လေးခုရှိသည်။ ကျားနှင့် ၎င်းအစားခံသတ္တဝါများကို စောင့်ကြည့်သုတေသနပြုသော လုပ်ငန်း၊ အင်းကျား သုတေသနပြု လုပ်ငန်း၊ မလေး ဝက်ဝံများ၏ ဦးရေနှင့် ပျံ့နှံ့ကျက်စားမှုကို သုတေသနပြုလုပ်ငန်းနှင့် မျောက်လွှဲကျော်(မျက်ခုံးဖြူ)အုပ်စု ခန့်မှန်းသော သုတေသနလုပ်ငန်းတို့ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဦးကျော်မိုးက ဆိုသည်။

ကျားနှင့် ၎င်းအစားခံသတ္တဝါများ စောင့်ကြည့်သုတေသနလုပ်ငန်းကို ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ၂၀၁၅ခုနှစ်မှ ယခုနှစ်အထိ အဖွဲ့သီးသန့်ဖွဲ့၍ ကင်မရာထောင်ချောက်များအသုံးပြုကာ Sample Plots (သုတေသနပြုလုပ်ရန် ကိုယ်စားပြု ဧရိယာအစိတ်အပိုင်းများ) ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကျားသုတေသနနှင့်ပတ်သက်၍ သုံးနှစ်တာ မှတ်တမ်းများအရ ဆိုလျှင် သူက "ကျားတွေ့ရှိရမှု အခြေအနေ အတော်ကောင်းပါတယ်။ သုတေသနတွေမှာ ကျားခြေရာတွေ တွေ့ရှိရသလို ကင်မရာထောင်ချောက်ကနေလည်း မှတ်တမ်းတွေ ရပါတယ်"

ဆက်လက်ဖော်ပြပါမည်။

---



## သုံးလအတွင်း ၃၃ ပေါင်ကျသွားတဲ့ ကိုးလ်ကာဒါးရှီးရန်း

ရုပ်သံသရုပ်ဆောင်တစ်ဦးဖြစ်သူ ကိုးလ်ကာဒါးရှီးရန်းဟာ ရင်သွေးလေးကို ကိုယ်ဝန်ဆောင်ခဲ့စဉ်တက်လာခဲ့တဲ့ ကိုယ်အလေးချိန်တွေကို ကလေးမွေးဖွားပြီးနောက် ပြန်လည်လျှော့ချခဲ့ရာ လတ်တလော သုံးလခန့်အကြာမှာတော့ ကိုယ်အလေးချိန် ၃၃ ပေါင်ခန့် ကျဆင်းသွားခဲ့ပြီဖြစ်ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကိုးလ်ကာဒါးရှီးရန်းက သူဟာ ကိုယ်အလေးချိန်လျှော့ချဖို့ရာ သီးခြားလုပ်ဆောင်ခဲ့တာမရှိဘဲ ကိုယ်ဝန်မဆောင်စဉ်ကပြုလုပ်ခဲ့တဲ့ တစ်နေ့တာ လေ့ကျင့်ခန်းတွေကိုသာ လုပ်ဆောင်ခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒ့ါအပြင် သူက မိခင်နို့တိုက်ကျွေးခြင်းကြောင့် ကိုယ်အလေးချိန်လျော့ကျခဲ့ပြီး သွက်သွက်လက်လက် တက်တက်ကြွကြွလည်းရှိခဲ့ကြောင်း သူ့ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

## MTV ဆုပေးပွဲကို ဦးဆောင်နေတဲ့ ကာဒီဘီ



အမေရိကန်ရဲ့ အထင်ကရတေးဂီတဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "MTV"ဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းကို ပြီးခဲ့တဲ့ တနင်္လာနေ့မှာ ထုတ်ပြန်ခဲ့ရာမှာတော့ လျင်လျင်မြန်မြန်နဲ့ အောင်မြင်မှုတွေ သိမ်းပိုက်နိုင်ခဲ့တဲ့ ရက်ပ်တေးသံရှင် ကာဒီဘီက ဆုအရေအတွက် အများဆုံးနဲ့ ဦးဆောင်နေတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကာဒီဘီဟာ အမျိုးသားတေးသံရှင်တွေသာ လွှမ်းမိုးထားတယ်လို့ဆိုနိုင်တဲ့ ဟစ်ဟော့တေးဂီတလောကမှာ ထူးခြားထင်ရှားတဲ့ အမျိုးသမီးတေးသံရှင်ဖြစ်ပါတယ်။ ကာဒီဘီဟာ လာမယ့် ဩဂုတ် ၂၀ ရက်မှာ နယူးယော့ခ်မှာကျင်းပသွားမယ့် "MTV Awards"အတွက် ဆန်ခါတင်စာရင်းမှာတော့ ဆုပေါင်း ၁၀ ဆုအတွက် လျာထားခံထားရတာဖြစ်ပြီး ဆုအရေအတွက် အများဆုံးဖြစ်ပါတယ်။

အေးပြည့် - ရေးသားသည်

ကြေးမုံ
ဇူလိုင် ၁၈၊ ၂၀၁၈

# သွင်းကုန်ခွန်များ အားလုံးနီးပါး ပယ်ဖျက်ပေးမည့် ကုန်သွယ်ရေးသဘောတူညီချက် အီးယူနှင့် ဂျပန်ရရှိ



**တိုကျို ဇူလိုင် ၁၇**
ဥရောပသမဂ္ဂ(အီးယူ)နှင့် ဂျပန်နိုင်ငံတို့သည် သွင်းကုန်ခွန်များအားလုံးနီးပါး ပယ်ဖျက်ပေးမည့် ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများအပေါ် အကြောင်းပြု၍ ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားလာမည့် အရေးအတွက် စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေချိန်အတွင်း အီးယူနှင့် ဂျပန်တို့က ယင်းကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်နှစ် နှောင်းပိုင်းက အီးယူနှင့် ဂျပန်တို့ရရှိခဲ့ကြသော သဘောတူညီချက်ကို ဇူလိုင် ၁၇ ရက်တွင် မြို့တော် တိုကျို၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယခုလ အစောပိုင်းတွင် ပြုလုပ်ရန် ကနဦးအနေဖြင့် ရက်သတ်မှတ်ခဲ့သော်လည်း ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ ရေဘေးအန္တရာယ် ကျရောက်ခြင်းကြောင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့သို့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သွားရောက်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသဖြင့် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် တွေ့ကြုံခဲ့ရသောရေလွှမ်းမိုးမှုနှင့် မြေပြိုမှု ဖြစ်စဉ်များအတွင်း လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ကြရသည်။

ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်ခ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျင်းကလော်ဒီယွန်ကာတို့သည် မြို့တော်တိုကျိုသို့ ဇူလိုင် ၁၆ ရက်တွင် ရောက်ရှိလာခဲ့ကြသည်။

**ဦးတည်**

ကမ္ဘာ့စီးပွားရေး၏ သုံးပုံတစ်ပုံနှင့် ပြည်သူသန်း ၆၀၀ ကျော်တို့ကို ကိုယ်စားပြုသော အီးယူနှင့်ဂျပန်နိုင်ငံတို့သည် ကျယ်ပြန့်လှသည့် ကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် လွတ်လပ်သော ကုန်သွယ်မှုဆီသို့ ဦးတည်ချီတက်နိုင်မည်ဖြစ်သည်။

**စားသုံးနိုင်မည်**

သွင်းကုန်ခွန်များ ပယ်ဖျက်ပေးခြင်းဖြင့် ဥရောပ၏ဝိုင်၊ အရက်နှင့် ဝက်ပေါင်ခြောက် စားသောက်ကုန်များကို ဂျပန်ပြည်သူတို့က ဈေးချိုချိုဖြင့် ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏စက်ကိရိယာပစ္စည်းများ၊ လက်ဖက်ခြောက်နှင့် ငါးစားသောက်ကုန်များကို ဥရောပသားများက ပိုမိုချိုသာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးခွင့်ရရှိလာမည် ဆို၏။

အီးယူသို့ တင်ပို့သော ဂျပန်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ၉၉ ရာခိုင်နှုန်းခန့် ဖျက်သိမ်းပေးရန် ရည်မှန်းထားသည်။

**အေအက်ဖ်ပီ**



# နိုင်ဂျီးရီးယားစစ်အခြေစိုက်စခန်းကို ဘိုကိုဟာရမ် စစ်သွေးကြွများ တိုက်ခိုက် စစ်သည် ဒါဇင်များစွာ သေဆုံးဖွယ်ရှိ

**အဘူဂျာ ဇူလိုင် ၁၇**
နိုင်ဂျီးရီးယား နိုင်ငံအရှေ့မြောက်ပိုင်း ဝေးလံခေါင်သီသော နေရာတစ်နေရာရှိ စစ်အခြေစိုက်စခန်းတစ်ခုကို ဘိုကိုဟာရမ်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ စစ်သည် ဒါဇင်များစွာ သေဆုံးဖွယ်ရှိကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်က ဇူလိုင် ၁၆ ရက်တွင် ပြောကြားသည်။ ယခုအခါ ပျောက်ဆုံးနေသည့် တပ်ဖွဲ့ဝင်များကို ရှာဖွေလျက်ရှိသည်။

**တိုက်ခိုက်**

ယိုဘီပြည်နယ် ဂျီဒမ်ဒေသ ဂျီယီကျေးရွာရှိ နိုင်ဂျီးရီးယားစစ်အခြေစိုက်စခန်းကို ဘိုကိုဟာရမ်စစ်သွေးကြွများက ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် စီးနင်းတိုက်ခိုက်ခဲ့ပြီး နောက်တစ်နေ့တွင်လည်း အိမ်နီးချင်း ဟိုဒိုပြည်နယ်တွင် သီးခြားတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

အဆိုပါစစ်အခြေစိုက် စခန်းတိုက်ခိုက်ခံရမှု မှန်ကန်ကြောင်း စစ်ဘက်က ဝန်ခံခဲ့သော်လည်း တပ်ဖွဲ့များကို ပြန်လည်စုစည်း၍ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ပြီး အခြေအနေမှာ မူလအတိုင်း ပုံမှန်ဖြစ်လျက်ရှိကြောင်း ပြောကြားသည်။

**ပါဝင်**

နိုင်ဂျီးရီးယား သတင်းရင်းမြစ်တစ်ခုက အစောပိုင်းတွင် အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားရာတွင်မူ လတ်တလောတွင် စစ်သည် ၃၁ဦး ဆုံးရှုံးခဲ့ရပြီး ၎င်းတို့အနက်အရာရှိ သုံးဦးပါဝင်သည်။

တိုက်ခိုက်မှုအတွင်း ကင်းသမား နှစ်ဦးသေဆုံးပြီး စစ်သည် ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**သေဆုံး**

ဘိုကိုဟာရမ် စစ်သွေးကြွများက နိုင်ဂျီးရီးယား တပ်ဖွဲ့ဝင်များ၏ ဝတ်စုံများကို ဝတ်ဆင်ပြီး စစ်ဘက်သုံးအရောင် သုတ်ထားသည့်ယာဉ်များကို မောင်းနှင်လာခြင်းကြောင့် အဆိုပါ အခြေစိုက်စခန်းသို့ ဝင်ခွင့်ပြုခဲ့ကြောင်း၊ နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ဂူဘီယိုမှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များဟု ထင်မှတ်ကာ စခန်း၏ ဂိတ်တံခါးကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယင်းမှာ ၎င်းတို့အား သေဆုံးမှု ဖြစ်စေခဲ့ခြင်း ဖြစ်ကြောင်း ပြည်သူ့စစ်သည်တစ်ဦးက ပြောကြားသည်။

အဆိုပါစခန်းတွင် နိုင်ဂျီးရီးယား စစ်သည် ၇၀၀ ကျော် ရှိသည်။

**အေအက်ဖ်ပီ**

# မလေးရှား ခရီးသည်တင်လေယာဉ် ပစ်ချခံခဲ့ရမှု အမှုမှန်ပေါ်ပေါက်ရေး ရုရှားကို ဂျီ-၇ တိုက်တွန်း

**အော်တဝါ ဇူလိုင် ၁၇**
၂၀၁၄ ခုနှစ်က မလေးရှားလေကြောင်းဌာနမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၁၇ ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်း ပစ်ချခံခဲ့ရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ရုရှားနိုင်ငံက အမှန်တရားဘက်မှ ဖော်ထုတ်ပေးရန်၊ လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးခဲ့ရသူများနှင့် ကျန်ရစ်သူ မိသားစုဝင်များအတွက် တရားမျှတမှု ရရှိစေရန် စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇) နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက တိုက်တွန်း လိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇူလိုင် ၁၆ရက်က ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် တို့၏ ထိပ်သီးဆွေးနွေးပွဲ အကြိုနေ့က ထုတ်ပြန်ခဲ့သော ဂျီ-၇ ဝန်ကြီးများ၏ပူးတွဲကြေညာချက်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

၂၀၁၄ခုနှစ် ဇူလိုင်၁၇ရက်က လေကြောင်းခရီးစဉ် ပျံသန်းလာစဉ် ယူကရိန်းနိုင်ငံဝေဟင်အတွင်း ဒုံးကျည်ဖြင့် ပစ်ချခံရမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူ ၂၉၈ ဦးစလုံး သေဆုံးခဲ့ကြရသည်။ ယင်းဖြစ်ရပ်၏ လေးနှစ်မြောက်နှစ်ပတ်လည် အခါသမယတွင် ဂျီ-၇ အုပ်စု၏ တောင်းဆိုချက် ပေါ်ထွက်လာခဲ့သည်။




ခရီးသည်တင်လေယာဉ်ပစ်ချခံရမှုဖြစ်စဉ်တွင် ရုရှားနိုင်ငံပါဝင်ပတ်သက်မှုရှိသည်ဟု ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့က လေ့လာတွေ့ရှိခဲ့ရသည်ဆို၏။

ဩစတြေးလျနှင့် နယ်သာလန်နိုင်ငံတို့၏ စုံစမ်းတွေ့ရှိချက်ကို ဂျီ-၇ အုပ်စုက ထောက်ခံကြောင်း၊ ရုရှားနိုင်ငံသည် ဖြစ်ရပ်မှန် ပေါ်ထွက်လာရေးအတွက် ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်တွင် အပြည့်အဝပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း၊ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများနှင့် ကျန်ရစ်သူ မိသားစုများအတွက် တရားမျှတမှုရှိစေမည့် ဆောင်ရွက်ချက်အတွက် ပူးပေါင်းဆောင်ရွက်ပေးသင့်ကြောင်း ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်တွင် ဖော်ပြ ထားသည်။

ဂျီ-၇ အုပ်စုတွင် ပြင်သစ်နှင့် အမေရိကန်တို့နှင့်အတူ ဗြိတိန်၊ ဂျာမနီ၊ ဂျပန်၊ အီတလီနှင့် ကနေဒါတို့ပါဝင်ကြသည်။ ကနေဒါနိုင်ငံသည် ဂျီ-၇ အုပ်စု၏လက်ရှိဥက္ကဋ္ဌက တာဝန်ကို ရယူ ထားသည်။

နယ်သာလန်နိုင်ငံက ဦးဆောင်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့မှုမှာ မေလတွင်ပြီးဆုံးခဲ့သည်။ ကာ့စ်မြို့အခြေစိုက်က ရုရှားအမှတ် ၅၃ လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့က ထိန်းချုပ်သော နေရာမှ ဒုံးကျည် ပစ်ခတ်မှုကြောင့် လေယာဉ် ပျက်ကျခဲ့ရသည်ဟု ဆိုသည်။

**အေအက်ဖ်ပီ**

# ဂျပန်တွင် အပူလှိုင်းကျ၍ ငါးဦးသေဆုံး ထောင်နှင့် ချီပြီး ဆေးရုံတင် ကုသထားရ

**တိုကျို ဇူလိုင် ၁၇**
ဂျပန်နိုင်ငံတွင် အပူလှိုင်း ကျရောက်မှု ဆက်လက်ဖြစ်ပွားလျက်ရှိရာ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း သို့မဟုတ် အပူရှပ်ခြင်း ဝေဒနာများဖြင့် လူငါးဦးသေဆုံးပြီး လူ ၂၀၀၀ ကျော်ကို ဆေးဝါးကုသ ပေးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၇ ရက်တွင် သတင်းဖော်ပြသည်။

**မြင့်တက်**

ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်တိုင်းတာရေး စခန်း ၉၂၇ ခုအနက် ၁၈၆ ခု၌ အပူချိန် ၃၅ ဒီဂရီ ဆဲလ်ဆီးယပ်အထိ မြင့်တက်ခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီ (ဂျေအမ်အေ)က ပြောကြားသည်။

အပူချိန် အမြင့်မားဆုံးရှိသည့် ဒေသများတွင် ဇူလိုင် ၅ ရက်က စံချိန်တင် မိုးရွာသွန်းခဲ့သည့် ဟီရိုရှီးမားနှင့် အိုကာယာမဒေသများလည်း ပါဝင်ကြကြောင်း သတင်းတွင် ဖော်ပြသည်။

မြို့တော်တိုကျို၏ နယ်မြေ အချို့တွင် အပူချိန် ၃၆ ဒီဂရီ ဆဲလ်ဆီးယပ်အထိရှိကြောင်း တိုကျိုမီးသတ်ဌာနက ပြောကြားသည်။ ဇူလိုင် ၁၆ ရက် ဒေသစံတော်ချိန် ည ၉ နာရီတွင် အပူချိန်ပြင်းထန်မှုကြောင့် လူ ၁၇၄ ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်း ဂီဖုစီရင်စု အိုင်ကီဂါဝါမြို့တွင် နှစ်ပေါင်းများစွာအတွင်း အပူချိန် ၃၉ ဒသမ ၃ ဒီဂရီ ဆဲလ်ဆီးယပ်အထိ စံချိန်တင် မြင့်တက်ခဲ့သည်။

**သေဆုံး**

နီဂါတာ၊ အိုင်ချီ၊ ရှီဇူအိုကာနှင့် မီအီ စီရင်စုများတွင် ဇူလိုင် ၁၆ ရက် ညပိုင်းက အပူဒဏ်ကြောင့် လူငါးဦး သေဆုံးခဲ့ကြောင်း ကျိုဒို သတင်းတွင် ဖော်ပြသည်။

ယခုရက်သတ္တပတ်အတွင်း အပူလှိုင်း ဆက်လက်ဖြစ်ပေါ်နေပြီး ဟော့ကိုင်းဒိုးနှင့် အိုကီနာဝါကျွန်းတွင်မှ အပူလှိုင်းကျရောက်မှု မရှိကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ပြောကြားသည်။

**ဆင်ဟွာ**

# ပြင်သစ်၏ ကမ္ဘာ့ဖလားအောင်ပွဲခံမှုကို မကြည့်ခဲ့ခြင်းကြောင့် ရွှေလက်အိတ်ဆုရရှိခြင်းကိုပင် မသိလိုက်ရသည့် ကော်တိုရစ်

ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်သည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွှေလက်အိတ်ဆု ရရှိခဲ့သော်လည်း ဗိုလ်လုပွဲစဉ်အပြီးတွင် ပြင်သစ်အသင်းက ကမ္ဘာ့ဖလားနှင့်အတူ အောင်ပွဲခံမည့် ပုံရိပ်များကို မကြည့်လို၍ ရုပ်မြင်သံကြားကိုပိတ်ခဲ့ခြင်းကြောင့် ၎င်းအား ပေးအပ်ချီးမြှင့်သည့် ရွှေလက်အိတ်ဆုပေးမည့် အစီအစဉ်ကို မမြင်တွေ့ခဲ့ရကြောင်း ဂိုးသမား ကော်တိုရစ်က ထုတ်ဖော်ပြောကြားလိုက်သည်။

ပြင်သစ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အောင်ပွဲခံရန်နီးစပ်နေသည့်အချိန်တွင် ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလားကိုင်မြှောက်အောင်ပွဲခံမှုပုံတွေကို ရုပ်မြင်သံကြား၌ ကြည့်ရှုရခြင်းကို ရှောင်ရှားလိုသည့် ဂိုးသမားကော်တိုရစ်သည် ရွှေလက်အိတ်ဆုရရှိကြောင်းကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ကြေညာချိန်ကိုပင် မသိလိုက်ရကြောင်းလည်း သိရသည်။

"ပြင်သစ်အသင်း ကမ္ဘာ့ဖလားနဲ့အတူ အောင်ပွဲခံတာကို မကြည့်ချင်လို့ ပွဲကစားချိန် ၉၄ မိနစ်အတွင်းမှာ ရုပ်မြင်သံကြားကို ပိတ်ပစ်ခဲ့တာပါ။ ကျွန်တော့်မိတ်ဆွေတွေက ကျွန်တော် ရွှေလက်အိတ်ဆုရရှိတယ်လို့ ပြောမှ ရုပ်မြင်သံကြားကို ပြန်ဖွင့်ခဲ့တာပါ"ဟု ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်က RTBF နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ၂၀၁၈ ခုနှစ် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ဂိုးသမားကော်တိုရစ်က ယင်းသို့ တတိယရခြင်းမှာ ဘယ်လ်ဂျီယံအသင်းအတွက် ဂိုးပေါက်ခြိမ်းခြောက်မှုများကို ကာကွယ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။





# ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြခဲ့သည့် ပါရီဆစ်နှင့် ရီဘစ်ကို မန်ယူအသင်း ခေါ်ယူရန် ပစ်မှတ်ထားနေ

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ခရိုအေးရှားကြယ်ပွင့်ကစားသမားနှစ်ဦးဖြစ်သည့် ပါရီဆစ်နှင့် ရီဘစ်တို့ကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

အဆိုပါကစားသမားနှစ်ဦးစလုံးသည် ဆီမီးဖိုင်နယ်အဆင့်တွင် အင်္ဂလန်အသင်းကို အနိုင်ကစားကာ ခရိုအေးရှားအသင်းကို ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးခဲ့သည့်ကစားသမားနှစ်ဦးဖြစ်သည်။

သည်ဆန်းသတင်းဌာန၏ သတင်းဖော်ပြချက်အရ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စွမ်းဆောင်ရည်ကောင်းတွေပြသထားနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းနည်းပြမော်ရင်ဟိုက မျက်စိကျနေခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

နည်းပြမော်ရင်ဟိုသည် အင်တာမီလန်ကွင်းလယ်ကစားသမား ပါရီဆစ်အား ခေါ်ယူရန် ကာလကြာရှည်ကတည်းက စောင့်စားနေခြင်းဖြစ်သည်။ ထို့ပြင် နည်းပြမော်ရင်ဟိုသည် ဖရန့်ဖက်ကစားသမား ရီဘစ်ကိုလည်း ပစ်မှတ်ထားနေပြီး အဆိုပါကစားသမားနှစ်ဦးအား ပြောင်းရွှေ့ကြေးပေါင် ၉၂ သန်းအထိ ပေးရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ ပါရီဆစ်သည် ပြင်သစ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ခရိုအေးရှားအသင်းအတွက် တစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# စီရိုနယ်လ်ဒိုအား ဂျူဗင်တပ်သို့ ရောင်းချခဲ့ခြင်းမှာ သမိုင်းဝင်အမှားဟုဆို

ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုအား အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့ခြင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းက သမိုင်းဝင်အမှားတစ်ခုကို ကျူးလွန်မိတာဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်သည့် ရာမန်ကယ်လ်ဒါရွန်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကိုးနှစ်ကြာကစားပေးခဲ့ပြီး ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ဖြင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

အသက် ၃၃ နှစ်အရွယ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ၄၅၁ ဂိုးသွင်းယူပေးခဲ့ပြီး ချန်ပီယံလိဂ်ဆုဖလားကို လေးကြိမ်ဆွတ်ခူးပေးခဲ့သူဖြစ်သည်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု (ဘလွန်းဒီအောဆု)ကို ငါးကြိမ်အထိရယူဆွတ်ခူးနိုင်ခဲ့ပြီး များပြားသည့်လုပ်ခလစာဖြင့် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ကာ ဂျူဗင်တပ်အသင်းတွင် အသက် ၃၇ နှစ်အရွယ်အထိ ဆက်ရှိနေမည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ကယ်လ်ဒါရွန်သည် ၂၀၀၉ ခုနှစ်အတွင်းက တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ဖြင့် မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ခေါ်ယူခဲ့ရာတွင် အဓိကတာဝန်အရှိဆုံးဖြစ်ပြီး လက်ရှိတွင် စီရိုနယ်လ်ဒိုအား ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့သည်မှာ အမှားတစ်ခုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ထောက်ပြပြောဆိုခဲ့သည်။

"တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ရောင်းချခဲ့လို့ ရီးယဲလ်မက်ဒရစ်အသင်း ပေါင်သန်း ၁၀၀ ဒါမှမဟုတ် တစ်ဘီလီယံပဲ ရနေပါစေ၊ ဒါဟာ သတင်းကောင်းမဟုတ်ပါဘူး၊ စီရိုနယ်လ်ဒိုလို ကစားသမားမျိုး နောက်ထပ်ရမှာမဟုတ်ပါဘူး၊ အဲဒါကြောင့် အခုလိုရောင်းချခဲ့တာက သမိုင်းဝင်အမှားတစ်ခုပါပဲ"ဟု ကယ်လ်ဒါရွန်က ပြောကြားခဲ့သည်။




# (၁၀)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့ဝင်များအား အား/ကာ ညွှန်ချုပ် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းက ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ (၁၀)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

အခမ်းအနားတွင် မြန်မာအားကစားအဖွဲ့ဝင်များက ညွှန်ကြားရေးမှူးချုပ်ကို တစ်ဦးချင်း မိတ်ဆက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က အားကစားသမားများအနေဖြင့် အားကစားနည်းစံချိန်များကို ပိုမိုတိုးတက်အောင် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားပြီးဖြစ်၍ ရလဒ်ကောင်းများ ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ အားကစားသမားများအနေဖြင့် ယခုယှဉ်ပြိုင်မည့်ကျောင်းသားအားကစားပြိုင်ပွဲမှစ၍ တက္ကသိုလ်အဆင့် အားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများထိ ဆက်လက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အားကစားအဖွဲ့များမှ မိမိတို့အားကစားနည်း၏ အားနည်းချက်၊ အားသာချက်၊ အတွေ့အကြုံများနှင့် ပြိုင်ပွဲဝင်နိုင်ငံများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး အစဉ်အမြဲတိုးတက်၍ အောင်မြင်မှုများရရှိအောင် ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် နိဂုံးချုပ်အမှာစကားပြောကြားသည်။

၂၀၁၈ ခုနှစ် (၁၀)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်ထိ မလေးရှားနိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့အနေဖြင့် ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ကျွမ်းဘား၊ ကြက်တောင် စသည့် ကစားနည်း ခုနစ်မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။

ဧယျာ

❖ စာမျက်နှာ ၁၀ မှ

| | | |
|---|---|---|
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာနေ ဒေါ်မူငယ်၏ ခင်ပွန်းဖြစ်သူသည် မူးယစ်ဆေးဝါး (ဆေးပြားနှင့် ဘိန်းစာမှုန့်များ) များ အရောင်းအဝယ် ပြုလုပ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာနေ ဒေါ်မူငယ်၏နေအိမ်တွင် ခင်ပွန်းဖြစ်သူ ဦးသိန်းဇော်(၃၆)နှစ် (ဘ) ဦးသိန်းလွင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်) မယ(ပ) ၂၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ဟုမ္မလင်းမြို့၊ ပါဟုတ်ကြီးကျေးရွာနေ ဦးမောင်ဦးသည် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ရွှေတွင်းကျေးရွာအုပ်စု၊ ပါဟုတ်ကြီးကျေးရွာနေ မောင်ဦး (ခ)ဝင်းနိုင်ဦး (၃၆) နှစ်၊ (ဘ) ဦးတင်ထွန်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်) မယ(ပ)၃၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ခန္တီးမြို့၊ မြို့မရပ်ကွက်နေ မနန်းခမ်းအောင် (၄၈)နှစ်၊ (ဘ) ဦးမောင်မဲအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခန္တီး) မယ(ပ) ၅၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ၁၄-၇-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်အရ အမှုပေါင်း (၂၂) မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၂၈) ဦး၊ မ(၆)ဦး၊ ပေါင်း(၃၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅ ဒသမ ၀၄)ဂရမ်၊ ဘိန်းစိမ်း(၂၆၀၀)ဂရမ်၊ အဝတ်ဘိန်း (၁၀)ဂရမ်၊ ဘိန်းစာမှုန့် (၃၀)ဂရမ်၊ စိတ်ကြွဆေးပြား(၉၃၈၁) တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၇**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၁၅ ရက်တွင် CANTER ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း ၁၀၄ တုံး (၂၀၀၇ ကီလိုဂရမ်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၇ ဒသမ ၃၅၀ သန်းခန့်ကို သိမ်းဆည်း ရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၇၅ စီး၊ သွင်းကုန် ၉၃၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၄၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂ ဒသမ ၀၈၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၈၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇ ဒသမ ၈၇၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှေ့မှသွားနေသည့်ယာဉ်ကို နောက်မှဝင်တိုက်၍ နှစ်ဦးသေဆုံး

**ကျောက်တံခါး ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ တောင်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ဇူလိုင် ၁၇ ရက် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်က ဆန်အိတ်များ တင်ဆောင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်မှာ အရှိန်လွန်ကာ ရှေ့မှမောင်းနှင်နေသည့် ၂၂ ဘီး ကုန်တင်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ ဆန်အိတ်များ တင်ဆောင်လာသော နစ်ဆန်း ၂၂ ဘီး ထွေလာယာဉ်ကို ကျော်မင်းဦး မောင်းနှင်ပြီး အောင်မျိုးဟိန်း (ယာဉ်နောက်လိုက်) တို့ လိုက်ပါလာသည့် ကုန်တင်ယာဉ်သည် မိုင်တိုင် ၁၁၂/၄ နှင့် ၁၁၂/၅ အကြားအရောက် အရှိန်လွန်ကာ ရှေ့မှ ထွန်းသစ်ဦး မောင်းနှင်သော ခတ်မြေဩဇာအိတ်တင် ၂၂ ဘီး ယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ကျော်မင်းဦးနှင့် ယာဉ်နောက်လိုက် အောင်မျိုးဟိန်းတို့ နှစ်ဦးစလုံး ရရှိသောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ရာ ကျောက်တံခါး မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် (ခ)ဝလုံးအား ဆက်လက်စစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စွဲချက်အမိန့်ချမှတ်ခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားခွင်(၆) ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က ယနေ့နံနက် ၁၀ နာရီတွင် ကိုသက်ဦးမောင် (ခ) ဝလုံးကို ရုံးထုတ်စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း၊ စစ်ဆေးရာတွင် နှစ်ဖက်ရှေ့နေများကလည်း အပြန်အလှန် စစ်မေးခဲ့ကြောင်း၊ ရုံးချိန်ကုန်ဆုံးသော်လည်း စစ်ဆေးမှုမှာ မပြီးဆုံးသည့်အတွက် ကိုသက်ဦးမောင် (ခ)ဝလုံးကို ထပ်မံစစ်ဆေးရန် ဇူလိုင် ၂၃ ရက်တွင် ပြန်လည်ချိန်းဆိုထားကြောင်း အဆိုပါတရားရုံးမှ သိရသည်။

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေနှင့် ဖမ်းဆီးခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက်နှစ်ဦး၏ အကျိုးဆောင် မြန်မာမီဒီယာရှေ့နေများကွန်ရက်မှ တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်အောင်က ကိုဝလုံး ထွက်ဆိုချက်အရ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် ရခိုင်ပြည်နယ်တွင် တိုက်ခိုက်မှု၊ ပြည်သူအများ သေဆုံးရမှုကို ရေးရပါကြောင်း၊ သတင်းထောက်တစ်ဦး၏ မီဒီယာကျင့်ဝတ်နှင့်အညီ ရေးခဲ့ပါကြောင်း၊ အင်းဒင်ကိစ္စရေးရာ ဘက်လိုက်မှုမရှိကြောင်း၊ ဆောင်းရိပ်မွန်စားသောက်ဆိုင်မှာ ဒုတပ်ကြပ်နိုင်လင်း လာပေးသည့် စာရွက်စာတမ်းရရှိပြီး ဆိုင်မှအထွက်နှင့် အင်းဒင်ကိစ္စရေးအပြီး အတည်ပြုချက် ရယူမည့်အချိန် အဖမ်းခံရခြင်းဖြစ်ကြောင်း၊ အင်းစိန်ထောင် အောင်သပြေစစ်ကြောရေးတွင် ရဲတပ်ဖွဲ့ဝင်များ စစ်မေးသည့်အတိုင်း ယနေ့ ထွက်ဆိုသွားကြောင်း ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မောင်တောမြို့နယ်၌ နယ်စပ်ခြံစည်းရိုး ကျော်တက်ဝင်ရောက်လာသူနှစ်ဦး ဖမ်းဆီးရမိ

**မောင်တော ဇူလိုင် ၁၇**

မောင်တောမြို့နယ် ပေါင်းဇားချောင်းဝကင်းစခန်းအနီးရှိ ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးတိုင်အမှတ် ၅၂၀ ၌ ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီခန့်တွင် ပေါင်းဇားကျေးရွာ နေထိုင်သူများဖြစ်သည့် ဒီလူး(ခ) ဒိလ်မာမတ် (၅၅) နှစ်နှင့် မာမွတ်ဖာဒူ(ခ) မာမတ်ဖာရုလ်(၃၅) နှစ်တို့ နှစ်ဦးသည် နတ်မြစ်ကို ဖြတ်ကူးပြီး နယ်စပ်ခြံစည်းရိုးကို ကျော်တက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ ကျော်တက်ဝင်ရောက်နေသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေးဟန့်တားခဲ့ရာ ရပ်တန့်မှုမရှိဘဲ ခြံစည်းရိုးကို ဆက်လက်ကျော်တက်သဖြင့် MA-11 မောင်းပြန်ရိုင်ဖယ်သေနတ်ဖြင့် တစ်ချက် သတိပေးပစ်ခတ်ခဲ့ရာ ဒီလူး(ခ) ဒိလ်မာမတ်၏ ကျောယာဘက်ခြမ်းမှ ဝမ်းဗိုက်ယာဘက်ခြမ်း ကျည်ထိမှန် (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး မာမွတ်ဖာဒူ(ခ) မာမတ်ဖာရုလ်အား ပြင်ဖြူနယ်မြေရဲစခန်းတွင် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# တရားမဝင်ခိုးဝင်လာသူ ငါးဦးအား ဖမ်းဆီးရမိ

**မင်းလှ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းလှမြို့နယ် သခွပ်ရင်းကျေးရွာနှင့် ခါးဇက်ကျေးရွာအကြား တောထဲတွင် တရားမဝင်ခိုးဝင်လာသူ ငါးဦးအား ယမန်နေ့ မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း မင်းလှမြို့နယ် ရေနံမရဲကင်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မင်းလှမြို့နယ် သခွပ်ရင်းကျေးရွာ ရာအိမ်မှူး ဦးမြင့်သိန်းက သခွပ်ရင်းကျေးရွာ အနောက်ဘက် သုံးမိုင်ခန့်အကွာ သခွပ်ရင်းကျေးရွာနှင့် ခါးဇက်ကျေးရွာအကြား တောထဲတွင် လူငါးဦး တွေ့ရှိသဖြင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးကာ ခါးဇက်ကျေးရွာ ရွာလယ်ဇရပ်တွင် ထိန်းသိမ်းထားပြီး ရေနံမနယ်မြေရဲကင်း စခန်းမှူးထံ ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် ရေနံမနယ်မြေစခန်းမှူး ရဲအုပ်မျိုးမင်းထွန်းနှင့်အဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသော တရားမဝင် ခိုးဝင်လာသူများအား မြို့နယ်လဝကအဖွဲ့နှင့် ပူးပေါင်းစစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ "လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ"
၉း၁၅ **နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး** "အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်နှင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများအကြောင်း သိကောင်းစရာ"
၉း၅၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင် နှိုင်းယှဉ်မြင့်မိုရ်)
၁၀း၃၀ Catch Asia News
၁၁း၀၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၂၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ဝိုင်းကြီးချုပ်စပွန်ဆာ" (ခန့်စည်သူ၊ ဇေရဲထက်၊ ကျော်ကျော်၊ ခင်လှိုင်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာဩရသ)
၁၁း၄၀ "ဆယ့်ကိုးဇူလိုင်" (ဦးရာဇတ်၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး)
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၂၆)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၄)

**ညပိုင်း**

၁၆း၃၅ "အာဇာနည် ခေါင်းဆောင်ကြီးများရှိရာ အာဇာနည်ဗိမာန်ဆီ"
၁၇း၀၅ အနုပညာခန်းရိပ်သာ "ဦးဖိုးသောကြာ" (တစ်သက်တာသတင်းစာဆရာကြီးနှင့်တွေ့ဆုံခြင်း)
၁၇း၂၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကြွေ" (လွှမ်းပိုင်၊ အိချောပို၊ ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-သားညီ)
၁၇း၃၅ MRTV Travelogue
၁၈း၂၀ Football Magazine
၁၈း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "တစ်ကမ္ဘာလုံးနှင့်တစ်ယောက်" (မိရာဇာ၊ ဆောင်းရနံ့၊ အေးသီတာ၊ အန်တီရိုးရိုး၊ မစန်းစန်းမြင့်) [(ဒါရိုက်တာသိမ်းစိုး) (သီဟရတနာ)]
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၆)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာအောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ -"ဆယ့်ကိုးဇူလိုင်"
- "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း"(အပိုင်း-၁) (ကကြီးယပင့်ရေးချဝစ္စပေါက်) (ဇော်ဝင်းနိုင်၊ မေသဥ္စာဦး၊ သန်းသန်းစိုး၊ ညီနိုင်၊ မျိုးသန္တာထွန်း၊ ရွှေဖူးသစ်) (ဒါရိုက်တာရှင်ဒေဝီ)
-သုခမရင်ခွင်အငြိမ့်သဘင် "မောင်လူချောတို့အဖွဲ့" (မင်းသမီး-ဇင်ယော်မေ) (လူရွှင်တော်-ကံထူး၊ သာဦး၊ ပြည်ချစ်၊ အရှည်ကြီး) (ဒါရိုက်တာဖုန်းမြင့်အောင်)
-နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း"(အပိုင်း-၃၈)
**- အစီအစဉ်ပြီး၏။**

# သံသယပျောက်လျှင် ယုံကြည်မှုတည်ဆောက်နိုင်လိမ့်မည်

ခင်မောင်ဌေး(ပညာရေး)

မြန်မာ့လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် ယုံကြည်မှုတည်ဆောက်ရေး (Trust Building) သည် အဓိကအရေးကြီးသည့် Process ဖြစ်စဉ် တစ်ခုဖြစ်နေလေသည်။ ဆိုရလျှင် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော လူ့ဘောင်သစ်တစ်ရပ် တည်ဆောက်ရန် မဖြစ်မနေလိုအပ်သည်။ ယင်းအတွက် လုပ်ငန်းစဉ် အဆင့်ဆင့်များစွာရှိနိုင်သော်လည်း လူတစ်ဦးချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွင်း ယုံကြည်စိတ်ချရမှု ပျက်ပြားလာရခြင်းမှာ ငြင်း၍မရနိုင်သော အချက်ပင်ဖြစ်သည်။

### အကွဲအပြဲပေါင်းများစွာ

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးသည်မှ အဖွဲ့အစည်းပေါင်းများစွာ၊ အကွဲအပြဲပေါင်းများစွာနှင့် ခရီးဆက်နေကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ အရှည်ကြာဆုံးနှင့် ညှိနှိုင်းရအခက်ဆုံးအဖြစ် ပြည်တွင်းစစ်များက ပြယုဂ်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့များ ညှိနှိုင်းဆွေးနွေးနေကြသည်မှာလည်း ကြာတော့ကြာရှည် ရှိလှ၏။ ပြေလည်မှု အချို့နှင့် စုစည်းနိုင်မှုအချို့တွေ့ရ၏။ ဆိုးသည်က တစ်ဖက်က ငြိမ်းချမ်းရေးဆွေးနွေးနေဆဲမှာပင် တစ်ဖက်တွင် အပစ်အခတ်များဖြစ်နေဆဲ၊ စစ်ဘေးရှောင်များ ပြေးလွှားနေရဆဲ။ ထောက်ပံ့နေရဆဲဖြစ်နေသည်။ အဘယ်ကြောင့် ဤမျှတာရှည်နေကြရသနည်း။ အရှင်းဆုံးအချက်မှာ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မယုံကြည်ခြင်း၊ မေတ္တာတရား မထားနိုင်ခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ယင်းအချက်နှစ်ချက် ပြည့်စုံသည်ဆိုလျှင်ပင် ကျန်ရှိနေသည့်အဖွဲ့များ အပစ်အခတ်ရပ်စဲရေးအဖွဲ့များနှင့်များစွာပူးပေါင်းလာနိုင်မည်ဖြစ်သည်။

လူမှုအသိုင်းအဝိုင်းအတွင်း၌ အဖွဲ့အစည်း၊ အသင်းအပင်းများ၊ ကုမ္ပဏီများ အစုရှယ်ယာလုပ်ငန်းများအတွင်း၌ မည်သို့ပင် စနစ်ကျသည်ဖြစ်စေ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းလုပ်ဆောင်နေစေကာမူ အကျင့်ပျက်ခြစားမှုများ၊ မသမာမှုများ ငွေကြေးလိမ်လည်မှုများ ဟိုးလေးတကျော် ဖြစ်ပွားလျက်ရှိရာ ယုံကြည်မှုများ ကျဆင်းလျက်ရှိသည်။ သို့ဖြစ်ရာ ဘဏ်သို့ အပ်ထားရလျှင်လည်း စိတ်မှချရမည်လား၊ အဖွဲ့အစည်းအသင်းအပင်းနှင့် လုပ်ဆောင်နေသော်လည်း တစ်ဦးတစ်ယောက်၏ အလွဲသုံးစားမှုကြောင့် တစ်ဖွဲ့လုံး၏ ဂုဏ်သိက္ခာကျဆင်းရသကဲ့သို့ အချင်းချင်းနားလည်မှုစိတ်ဝမ်းကွဲမှုများပင် ဆတက်တိုးလာနေသည်ကို တွေ့ရ၏။

ဆိုရလျှင် လူတစ်ဦးချင်းစီမှသည် မိသားစုအတွင်းထိပင် မယုံကြည်မှုများနှင့် မေတ္တာတရားများ ခေါင်းပါးလာ မည့်အဖြစ်များစွာ တွေ့နေရပြီဖြစ်သည်။ မိသားစုတစ်စုအတွင်းမှာပင် လင်နှင့်မယား၊ သားနှင့်အဖေ၊ အဖေနှင့် သမီး ယုံကြည်မှုများ ပျက်ပြားလာ၏။ လင်က မယားကို သတ်ဖြတ်မီးရှို့၊ အလောင်းဖျောက်၊ မယားဖြစ်သူက လင်ဖြစ်သူကို ရိုက်သတ်၊ သားဖြစ်သူက အဖေဖြစ်သူကို သတ်၊ အရက်အတူတူသောက်၍ လည်ပင်းဖက်ကြီးသည့် သူငယ်ချင်းချင်းပင် စကားပြောအဆင်မပြေရာမှ ရိုက်သတ်၊ အကြွေးတောင်း၍ မပေးသည်နှင့် ရိုက်သတ်၊ လောင်းကစားဝိုင်းတွင် ရိုက်သတ်၊ အထင်မှားအမြင်မှားဖြစ်၍ ရိုက်သတ်၊ စကားပြောမချေမငံဖြစ်ရုံဖြင့် ရိုက်သတ်သည်။ နောက်ဆုံးအဆင့် မုဒိမ်းကျင့်သည်၊ ရိုက်သတ်သည်၊ ပစ္စည်းယူသည်၊ အလောင်းစွန့်ပစ်သည်။ ယင်းသို့သော ရာဇဝတ်မှုကြီးများကို သွေးအေးအေး၊ လက်ရဲဇက်ရဲလုပ်နိုင်ကြသည့် အဆင့်သည်ပင် ထမင်းစားရေသောက် ပြုမူလာကြသည်မှာ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတွက် ကြီးမားသော စိန်ခေါ်မှုကြီးပင်ဖြစ်သည်။

ယင်းစိန်ခေါ်မှုကြီးသည် လူ့အဖွဲ့အစည်းအတွင်း ထဲထဲဝင်ဝင် ရောက်ရှိနေကာ လူတစ်ဦးတစ်ဖွဲ့ချင်းထံတွင် အထင်အရှား တွေ့မြင်နေကြရရာ လူ့အဖွဲ့အစည်းတစ်ခုလုံး၊ လူမှုအဝန်းအဝိုင်းကြီး တစ်ခုလုံးကျီးလန့်စာစားရသည့် အဖြစ်သို့ ရောက်မှန်းမသိ ရောက်နေရ၏။ လွတ်လပ်သော ဒီမိုကရေစီနိုင်ငံ ထူထောင်ရန်လမ်းမပေါ်သို့ တက်စမှာပင် ခေတ်ဆိုးစနစ်ဆိုး တစ်ရပ်အသွင် စမ်းတဝါးဝါးလျှောက်လှမ်းနေရသည့် အဖြစ်မျိုးကြုံနေရသည်။ ဤသို့သော အခြေအနေများကြောင့် လင်က မယားကို မယုံတော့၊ မယားကလည်း လင်ဖြစ်သူကို မယုံရဲတော့။ တစ်ဦးပေါ်တစ်ဦး မေတ္တာတရားများ ပျောက်နေကြ၏။ သားက အဖေကိုမယုံသကဲ့သို့ သမီးရင်းဖြစ်သူကလည်း ဖခင်စစ်စစ်ဖြစ်သူကို မယုံရဲသည့် အနေအထား။ မိသားစုအတွင်း နှောင်ဖွဲ့ထားသည့် မေတ္တာကြိုးများ တစ်စစီပြတ်တောက်နေကြရသည့် အဖြစ်။

ရပ်ကွက်တွင်း၌ အဖွဲ့အစည်းများ ပေါ်လာသည်။ အရှေ့ဘက်က တစ်ဖွဲ့ပေါ်တော့ အနောက်ဘက်က တစ်ဖွဲ့ ထလာသည်။ တစ်ရပ်ကွက် တစ်လမ်းတည်းမှာပင် အဖွဲ့ခွဲများ ပေါ်လာသည်။ အပြိုင်ဖြစ်လာသည်။ တစ်ဖွဲ့၏ ငယ်ကျိုးငယ်နာများကို ပြော၍ အပုပ်ချလာကြသည်။ အဖွဲ့ကွဲသကဲ့သို့ လူများလည်း အုပ်စုကွဲသွားကြ၏။ ဤသို့ဖြင့် ရပ်ကွက်ထဲတွင် အဖွဲ့ပေါင်းများလှစွာကွဲကုန်၏။ မြို့နယ်ကလေးတစ်ခုမှာပင် အဖွဲ့ပေါင်းများစွာရှိ၏။ မြို့နယ်က ဦးဆောင်၍ တစုတစည်းတည်း ကျင်းပနိုင်သည့် ပွဲတော်တစ်ခုသည်ပင် အဖွဲ့ပေါင်းများစွာက ခေါင်းစဉ်အမျိုးမျိုးခွဲ၍ ကျင်းပနေကြလေသည်။ တစုတစည်းတည်းဖြင့် ညီညွတ်ခမ်းနားသိုက်မြိုက်စွာ ကျင်းပခြင်းထက် တစ်တောတစ်ကြက်ဖတွန်လိုသည့် စိတ်ကများနေသည်ကိုသာ တွေ့ရလေ၏။

### စည်းလုံးညီညွတ်စွာပါဝင်

ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပါဝင်လာနိုင်ရေးသည် အဓိက အင်အားတစ်ရပ်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအတွင်း စုစည်းမှုများသည် အဖွဲ့အစည်း အသင်းအပင်းများစွာ ကွဲပြားမှု၊ နိုင်ငံရေးအဖွဲ့အစည်းများစွာ ကွဲပြားနေမှုတို့သည် အင်အားစုများမှာ ထင်သလောက် အားရဖွယ်ဖြစ်မလာသည့် အနေအထားတစ်ရပ်ကို တွေ့နေရမည်ဖြစ်သည်။ ဆိုရလျှင် တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်သင်းပြီး တစ်သင်း ပေါ်ပေါက်နေရသည့်သဘောမှာ တစ်ဖွဲ့ပေါ်တစ်ဖွဲ့ တစ်သင်းပေါ်တစ်သင်း ယုံကြည်မှုအားနည်းလာသောကြောင့်ပင် ဖြစ်သည်။ အထူးသဖြင့် မိမိကိုယ်မိမိ အလေးထားလွန်းရာမှ အုပ်စုခွဲ၊ အသင်းခွဲများအသွင်သို့ ဆောင်လာခြင်းဖြစ်တန်ရာပေသည်။

သို့ဖြစ်ရာ ယနေ့မြန်မာ့နိုင်ငံရေး၊ လူမှုရေး အသိုက်အဝန်းအတွင်း၌ လူတစ်ဦးချင်းမှသည် မိသားစုအတွင်းမှာပင် ယုံကြည်မှုပျောက်နေရသည်။ မေတ္တာတရားခေါင်းပါးနေကြသည်။ မြန်မာ့နိုင်ငံရေးအတွင်း ကြည့်သောအခါ ငါးသိုင်းများ၍ ဟင်းဟုန်၊ လူများ၍ ပွဲမစည်ဖြစ်နေရသည်။ ထိုအချိန်တွင် လူမျိုးရေး၊ ဘာသာရေးအသွင်ဆောင်နေသော ပဋိပက္ခများ၊ အမုန်းတရား ဖြန့်ကြက်နေသူများ၏ သွေးထိုးလှုံ့ဆော်နေမှုများ၊ နောက်ကွယ်မှ ကြိုးကိုင်ဖန်တီးမှုများကြောင့် လူ့အသိုက်အဝန်းကြား တဖြည်းဖြည်းနှင့် မြင့်မားလာနေသည့် အမုန်းတရားများသည် အချိန်ကြာလာသည်နှင့်အမျှ ယုံကြည်မှုပျက်ပြားစေလေသည်။ ယုံကြည်မှုမရှိခြင်း၏ နောက်ကွယ်တွင် မေတ္တာတရား ဆုတ်ယုတ်မှေးမှိန်နေမည်သာဖြစ်သည်။

> “လူသားတိုင်းသည် တရားမျှတမှုကို လိုလားနှစ်ခြိုက်ကြသည်။ မတရားမှုများ များပြားလာ . . .”

နိုင်ငံတစ်နိုင်ငံအတွင်းရှိ နိုင်ငံသားတိုင်း မျှော်လင့်ထားသည်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက် သာယာဝပြောရေး၊ ရင်းနှီးချစ်ခင်မှု တိုးပွားလာရေးတို့ ဖြစ်သည်။ သို့ဖြစ်၍ မပြီးနိုင်သည့် စစ်ပွဲများ၊ အမြန်ရပ်စဲလိုကြသည်။ စစ်ဘေးရှောင်စခန်းများ ပိတ်သိမ်း၍ မိမိတို့ နေရပ်ဒေသများတွင် အေးချမ်းစွာ နေထိုင်ခွင့်ရစေလိုကြသည်။ တရားဥပဒေစိုးမိုးကာ ဘဝလုံခြုံမှုရရှိရေးနှင့် ထမင်းတစ်လုတ် အေးအေးချမ်းချမ်း စားသောက်လိုကြသည်။ အမှုကိစ္စတစ်ခုဖြစ်တိုင်း ဆန်စဉ်ရာ ကျည်ပွေ့လိုက်နေရခြင်းထက် ကြိုတင်မှန်းဆ ပြင်ဆင်ဆောင်ရွက်ထားကြစေချင်သည်။ သို့ဖြစ်၍ မိသားစုအတွင်းမှစ၍ ယုံကြည်မှု ပြန်လည်တည်ဆောက်ကြရမည်ဖြစ်သည်။ မေတ္တာရနံ့များ ပြန်၍ သင်းပျံ့လာစေချင်ပါသည်။ ရပ်ကွက်အတွင်း၌ ပူးပေါင်းဆောင်ရွက်မှုများ၊ စုစည်းညီညွတ်မှုများရရန် ယုံကြည်မှုတည်ဆောက်ကြရမည်ဖြစ်၏။ ထို့အတူ ငြိမ်းချမ်းရေးအသီးအပွင့်များ ပြည်သူတစ်ရပ်လုံးခံစားရနိုင်ဖို့ လက်နက်ကိုင် အဖွဲ့အစည်းအားလုံး မျက်နှာချင်းဆိုင်ကြဖို့လိုသည်။ စုဆုံကြဖို့လိုသည်။ အကျေအလည် ညှိနှိုင်းကြဖို့လိုသည်။ တစ်ဦးပေါ်တစ်ဦး၊ တစ်ဖွဲ့ပေါ်တစ်ဖွဲ့ထားသည့် အခြေခံသဘောထားများ ပွင့်လင်းဖို့လိုသည်။ မြင်သာဖို့လိုသည်။ သံသယဖြစ်ဖွယ် မြူတစ်မှုန်မျှ ကင်းစင်ဖို့လိုသည်။ သံသယပျောက်လျှင် ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်၏။

မကြာသေးမီကပင် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့က ထုတ်ပြန်သည့် စစ်တမ်းတစ်ခုတွင် နိုင်ငံသားများ၏ ဒီမိုကရေစီ မျှော်မှန်းချက်ဆိုင်ရာ စစ်တမ်းတွင် နိုင်ငံသားအချင်းချင်း တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုတွင် ၂၀၁၅ ခုနှစ်တွင် ၁၉ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၃၇ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်းသာရှိတော့ကြောင်း နိုင်ငံရေးယုံကြည်ချက်နှင့် ကိုးကွယ်ရာ ဘာသာတရား မတူညီသူများကြား နားလည်ပေးနိုင်မှုတွင် သတိထားဆက်ဆံရသည်ဟု ဖြေဆိုသူ ၇၃ ရာခိုင်နှုန်းရှိပြီး လူအချင်းချင်း ယုံကြည်ရသည်ဟု ဖြေဆိုသူ ၁၇ ရာခိုင်နှုန်းသာရှိတော့ကြောင်း သိရလေသည်။

### လောကပါလတရားထွန်းကား

ထို့ကြောင့် လူသားတိုင်းမျှော်လင့်တောင့်တသည့် စစ်မက်ငြိမ်း၍ လွတ်လပ်ကာ သာယာဝပြောသောခေတ်သို့ ရောက်လိုလျှင် လူသားတိုင်း အဓိကကျင့်သုံးအပ်သည့် တရားမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားလာဖို့ဖြစ်သည်။ လူသားတိုင်းသည် တရားမျှတမှုကို လိုလားနှစ်ခြိုက်ကြသည်။ မတရားမှုများ များပြားလာသည်နှင့်အမျှ ယုံကြည်မှုလျော့ကျလာမည်သာ ဖြစ်သည်။ ထို့ပြင် လူသားတိုင်းသည် လွတ်လပ်မှုကို နှစ်သက်ကြသည်။ လွတ်လပ်မှုသည် လူသားတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ ယင်းလွတ်လပ်မှုကို မတရားတားဆီးပိတ်ပင်ခြင်း၊ ဖိနှိပ်ခြင်း၊ နှိပ်ကွပ်ခြင်းများသည် လူ့အခွင့်အရေး၏ ရန်သူတော်များဖြစ် ၍ လူသားတိုင်း မနှစ်မြို့ကြပေ။ သို့ဖြစ်၍ တရားမျှတ၍ စည်းနှင့် ကမ်းနှင့်ရှိနေသော လွတ်လပ်မှုများ ကွယ်ပျောက်နေသရွေ့ ယုံကြည်မှုမရနိုင်ပေ။ ထို့အတူ လူသားတိုင်းလိုချင်တပ်မက်မှုတွင် တန်းတူညီမျှခြင်းပင်ဖြစ်သည်။ လူချင်းတူတူ သူချင်းမျှမျှ ကွာဟလှသည့်ဘဝ အနေအထားများ၊ ခွဲခြားဆက်ဆံမှုများ၊ အတ္တကဲသော ဥစ္စာခနေခွဲဝေမှုများ၊ အာဏာလွန်ဆွဲမှုများသည် ယုံကြည်မှုတည်ဆောက်ရာတွင် ကြီးမားသော အဟန့်အတားကြီးများပင် ဖြစ်စေနိုင်လေသည်။ ယုံကြည်မှုပျောက်လျှင် မေတ္တာတရားလည်း ခန်းခြောက်သွားနိုင်၏။ ချစ်ခြင်းမေတ္တာတရား ကင်းမဲ့သော ဤကမ္ဘာကြီးသည်လည်း မှောင်အတိကျရန် အချိန်များစွာ စောင့်ဆိုင်းနေလိမ့်မည်တော့မထင်။ ။

---

## မြေသားရေလှောင်ကန်ဟောင်းအား အနက်တူးဖော်

**ဟသ်ာတ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပြာသာကျေးရွာအုပ်စု တူးမြောင်းကျေးရွာ၌ နွေရာသီသောက်ရေ၊ သုံးရေပြတ်လပ်မှုလျော့နည်းစေရေးအတွက် ယခင်မြေသားရေလှောင်ကန်ဟောင်းအား မြေသားအနက်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံမှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

အဆိုပါရေလှောင်ကန်နှင့် ရေကန်ပတ်လည် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းတို့အား ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ပထမခြောက်လပတ် ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေကျပ် သုံးသန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်စု ၁၂၂ စုရှိ လူဦးရေ ၇၀၀ ကျော်တို့၏ နွေရာသီရေပြတ်လပ်မှုကို ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**



## တိုတိုထွာထွာဖတ်စရာ

### မဲစာရင်းကြေညာထားရှိမှုကြည့်ရှု

**ရန်ကုန်**

တာမွေမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စိစစ်ပြီးသော မဲဆန္ဒရှင်စာရင်းများအား ရပ်ကွက်များအလိုက် ကြေညာထားရှိသည်။

တာမွေမြို့နယ်ရှိ မာန်အောင်ရပ်ကွက်တွင် မဲဆန္ဒရှင်စာရင်းကြေညာထားမှုအား ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်၊အတွင်းရေးမှူး ဦးတင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ တာမွေမြို့နယ် ခရိုင်တာဝန်ခံ ဦးတင်ဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမင်းကိုအောင်တို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

### မြို့မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြသိန်းတန်ရပ်ကွက်ရှိ ဒေသခံပြည်သူများအတွက် မြို့ မြေငှားဂရန်ထုတ်ပေးနိုင်ရန် ဇူလိုင် ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့မြေအတွင်းရှိ အိမ်ရာအဆောက်အအုံများအားလုံး ဂရန်ရရှိခြင်းဖြင့် ပိုင်ဆိုင်မှုအထောက်အထားအခိုင်အမာဖြစ်ခြင်း၊ ပိုင်ဆိုင်ခြင်း အငြင်းပွားမှုများ မဖြစ်ပေါ်စေခြင်း၊ မြို့မြေငှားဂရန်များမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေရရှိစေခြင်းများကို ရည်ရွယ်ပြီး မြေငှားဂရန်ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

wdwk Gx Gwp&m

## အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

**ခင်ဦး**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် (၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်က အာဇာနည်နေ့ ကျင်းပရခြင်းရည်ရွယ်ချက်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ကြည်ဆန်းနှင့် အလယ်တန်းပြဆရာကြီး ဦးအောင်ဝင်းတို့က အာဇာနည်နေ့အကြောင်း သိကောင်းစရာများနှင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံကို ဟောပြောကြသည်။

ဆက်လက်ပြီး စာစီစာကုံးပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား ကျောင်းသူ ၄၃ ဦးတို့က ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ခင်ဦးစိုးဝေ

## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အခမဲ့ကုသ

**မင်းလှ**
သရက်ခရိုင် မင်းလှမြို့နယ် အပွမာဒကုသိုလ်ဖြစ်ဆေးခန်း၌ ဇူလိုင် ၁၆ ရက်တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဝေဒနာရှင်များအား အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မကွေးမြို့ပြည်သူ့ဆေးရုံကြီးမှ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးပြုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာစိမ်းလဲ့သွင်ဦးဆောင်သည့် အဖွဲ့နှင့် မင်းလှမြို့နယ်အပွမာဒ ကုသိုလ်ဖြစ်ဆေးခန်းမှ ဒေါက်တာရဲထွန်းဇော် ဦးဆောင်သည့်အဖွဲ့တို့ ပူးပေါင်း၍မင်းလှမြို့ပေါ်နှင့် အနီးအနားကျေးရွာများမှ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ပေးခြင်း၊ ဆေးဝါးများထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## လက်ရာမွန်ပန်းပုအနုပညာပြပွဲကျင်းပ

**မဟာအောင်မြေ**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပန်းပုပညာဌာနမှ ဆရာ ဆရာမ ခုနစ်ဦး၏ လက်ရာမွန် ပန်းပုအနုပညာပြပွဲဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၆၉ လမ်းနှင့် ၃၇ လမ်းထောင့်ရှိ Dream Land ပန်းချီပန်းပုအနုပညာပြခန်းတွင် ကျင်းပသည်။

The Door Sculpture Show ပန်းပုပြပွဲကို ဇူလိုင် ၁၇ ရက်မှ ၁၉ ရက် (နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲ)အထိ ခင်းကျင်းပြသမည်ဖြစ်ပြီး ပန်းပုလက်ရာ ၄၂ ခု ပြသထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

**စစ်တွေ**
စစ်တွေမြို့တွင် ယာဉ်စည်းကမ်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇူလိုင် ၁၆ ရက်က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ ပညာပေးကာလကိုတော့ တစ်လသတ်မှတ်ထားပါတယ်။ ပညာပေးကာလ ပြီးဆုံးတဲ့အခါ စည်းကမ်းမလိုက်နာတဲ့သူတွေကို မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်တယ်" ဟု အမှတ်(၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်တွေ) မှ ဒုတပ်ကြပ်နိုင်နိုင်ချေက ပြောသည်။

**(ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်းသုံးသပ်ဆွေးနွေး

**နေပြည်တော်**
နေပြည်တော် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ပြုလုပ်သည့် လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းများအကြောင်း ရှင်းလင်းဆွေးနွေးပြီး ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် မီးသတ်ယာဉ်များအားကြည့်ရှုစစ်ဆေး



**တောင်ကြီး ဇူလိုင် ၁၇**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပိုလန်နိုင်ငံထုတ် ခေတ်မီမီးသတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးသည်။

မီးသတ်ဦးစီးဌာန၌ အသုံးပြုရန်အတွက် ODA ချေးငွေ ယူရိုသန်း ၅၀ ဖြင့် ဝယ်ယူထားသည့် မီးငြိမ်းသတ်ယာဉ်၊ လူနာတင်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် အထောက်အကူပြုယာဉ် စုစုပေါင်း ၇၅ စီးအနက် ရှမ်းပြည်နယ်သို့ Medium Rescue & Fire Fighting Vehicle သုံးစီး၊ Hydraulic Platfrom Vehicle ၂၅ နှစ်စီး၊ Heavy Rescue& Towing ၃၄ Ton နှစ်စီး၊ Heavy Rescue & Lifting ၄၄ Ton တစ်စီး၊ စုစုပေါင်းရှစ်စီးကို ခွဲဝေချထားရာမှ ပထမအကြိမ်ရောက်ရှိလာသော Medium Rescue & Fire Fighting Vehicle ခေတ်မီမီးငြိမ်းသတ်ယာဉ်သုံးစီးအား တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံခရိုင် မီးသတ်စခန်းများသို့ ခွဲဝေချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Medium Rescue & Fire Fighting Vehicle သည် ရေလီတာ ၅၀၀၀ ဆံ့ Foam ၆၀၀ လီတာ၊ တန်ချိန် ၂၀ တန်ရှိပြီး ယာဉ်ကိုလည်း မီးကူးစက်မှုမရှိနိုင်သဖြင့် မီးတောက်အတွင်းသို့ သွားလာနိုင်သည့် ရေဖျန်းစနစ်ပါရှိခြင်း၊ မီးငြိမ်းသတ်ရာတွင်လည်း ရေများကို High Pressure၊ Long Pressure ဟူ၍ နှစ်မျိုးပါရှိကာ Model Volvo D 13 A400 Euro 3 အမျိုးအစားဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေများပေးအပ်

**နေပြည်တော် ဇူလိုင် ၁၇**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများထံသို့ အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကျေးလက်နေတောင်သူလယ်သမားများအတွက် အသေးစားအရင်းအနှီးချေးငွေများကို ထိရောက်စွာ ထုတ်ချေးပေးလျက်ရှိကြောင်း၊ သမဝါယမချေးငွေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို စက်မှုလယ်ယာဦးစီးဌာနအပါအဝင် ဆက်စပ်ဆောင်ရွက်ရမည့်ဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအခြေခံမူ၊ ကျင့်ဝတ်၊ အနှစ်သာရများနှင့်အညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ပျဉ်းမနားမြို့နယ်အတွက် ချေးငွေကျပ် ၄၁၃ ဒသမ ဝ၉ဝ သန်း၊ လယ်ဝေးမြို့နယ်အတွက် ချေးငွေကျပ် ၉၂၄ ဒသမ ၈၅၄ သန်း၊ တပ်ကုန်းမြို့နယ်အတွက် ချေးငွေကျပ် ၂၁၆၀ ဒသမ ၄၃၄ သန်းကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက ဇေယျာသီရိမြို့နယ်အတွက် ချေးငွေကျပ် ၂၄၆ ဒသမ ဝဝ၃ သန်း၊ ဒက္ခိဏသီရိမြို့နယ်အတွက် ချေးငွေကျပ် ၂၆၁ ဒသမ ၁၈၂ သန်း၊ ပုဗ္ဗသီရိမြို့နယ်အတွက် ချေးငွေကျပ် ၄၁၃ ဒသမ ၈၅၇ သန်း၊ နေပြည်တော်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းအောင်က ဇမ္ဗူသီရိမြို့နယ်အတွက် ချေးငွေကျပ် ၆၂ ဒသမ ၄၃၈ သန်းနှင့် ဥတ္တရသီရိမြို့နယ်အတွက် ချေးငွေကျပ် ၁၆၈ ဒသမ ၁၀၀ သန်းကိုလည်းကောင်း မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများထံ အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

# မန္တလေးမြို့ အိမ်ခြံမြေဈေးကွက် အနည်းငယ်လှုပ်ရှား အငှားဈေးကွက်အားကောင်းပြီး ဈေးတက်



**မန္တလေး ဇူလိုင် ၁၇**
မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေဈေးကွက်သည် အေးနေရာမှ စက်တင်ဘာတတိယပတ်မှစတင်ကာ တဖြည်းဖြည်း ပြန်လည်လှုပ်ရှားလာသည်။

မန္တလေးမြို့တွင်း ဧရိယာအိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ရှားလာပေမယ့် ဈေးများက တက်ခြင်းကျခြင်းမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ်အနေအထားရှိကြောင်း၊ မန္တလေးမြို့တွင်း ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်များထက် ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် ကျပ်သိန်း ၃၀၀ ဝန်းကျင် ပေ ၃၀ × ပေ ၄၀ မြေကွက်နှင့်အိမ်ပါ အသင့်နေနိုင်သောနေရာများတွင် အရောင်းအဝယ်သွက်လျက်ရှိသည်။

မန္တလေးမြို့တွင်း ဧရိယာတွင်အရောင်းထက် အငှားဈေးကွက် အားကောင်းလာပြီး ဈေးနှုန်းများလည်း နှစ်ဆခန့်မြင့်တက်လျက်ရှိသည်။ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်အတွင်း လုံးချင်းများ ငှားရမ်းမှုဈေးနှုန်းများ မြင့်တက်နေပြီး ယာယီနေထိုင်မှုဗီဇာဖြင့် မန္တလေးမြို့သို့ လာရောက်၍ စီးပွားရေးလုပ်ကိုင်လျက်ရှိကြသော တစ်ဖက်နိုင်ငံသားများ ငှားရမ်းမှုများပြားသည်။

မန္တလေးမြို့လယ်ရှိ တည်ဆောက်ပြီး ကွန်ဒိုများတွင် ဝယ်ယူခြင်း၊ ငှားရမ်းနေထိုင်ခြင်း နည်းပါးနေပြီး တန်ဖိုးနည်းအိမ်ရာများတွင် ဝယ်ယူခြင်း၊ ငှားရမ်းခြင်းများပြားနေကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မုံရွာမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဘူတာလမ်းတို့အား ခေတ္တပိတ်ထားမည်

**မုံရွာ ဇူလိုင် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ (၇၁) နှစ်မြောက် အာဇာနည်နေ့ကို ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြု လွှမ်းသူ့ပန်းခွေချအခမ်းအနားကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပမည့် ဗိုလ်ချုပ်ကြေးရုပ်ကြီးတွင် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တောင်၊ မြောက်သွယ်တန်းလျက်ရှိသော ဗိုလ်ချုပ်လမ်းမကြီးအား နာရီစင်လမ်းဆုံမှ တမာတန်းလမ်းဆုံအထိလည်းကောင်း၊ အရှေ့၊ အနောက် သွယ်တန်းလျက်ရှိသော ဘူတာလမ်းမကြီးအား မုံရွာဘူတာကြီးလမ်းဆုံမှ မြစန္ဒာ ရုပ်ရှင်ရုံလမ်းဆုံအထိ လည်းကောင်း ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။

ထို့အပြင် (၇၁) နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ရုံးဌာနများနှင့် အဖွဲ့အစည်းရုံးများတွင် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူကြရန်၊ အာဇာနည်နေ့အခမ်းအနားအားလုံခြုံရေးအရ ဒရုန်းဖြင့် မှတ်တမ်းတင်ရိုက်ကူးခြင်း မပြုကြရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နှိုးဆော်ထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ပင်လုံအငှားအိမ်ရာတည်ဆောက်ရေး စစ်ဆေး



**မြိတ် ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက်တွင် သမ္မတ၏ အထူးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ပင်လုံအငှားအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းအား စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်နိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပင်လုံအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းတွင် အဆောက်အအုံတစ်လုံး၌ ခြောက်ခန်းတွဲ လေးထပ် အခန်း ၂၄ ခန်းရှိ၍ အဆောက်အအုံခုနစ်လုံး တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၈-၂၀၁၉ ကာလတိုဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပင်လုံအိမ်ရာနှင့် ဆက်စပ်လုပ်ငန်း ၁၇ မျိုးကို Diamond Tri Tech ကုမ္ပဏီ၊ ကျော်နေစိုးကုမ္ပဏီ၊ ရိုးမာန်အားကုမ္ပဏီတို့က တာဝန်ယူ ဆောင်ရွက်နေမှုများကို ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလတွင် သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပင်လုံအငှားအိမ်ရာ ယာယီရှင်းလင်းဆောင်တွင် ပင်လုံအငှားအိမ်ရာ ဆက်စပ်လုပ်ငန်း ၁၇ မျိုးကို တာဝန်ယူ တည်ဆောက်နေကြသော ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြိတ်ခရိုင် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ဖြည့်စွက် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

## အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ပန်းချီပြိုင်

**လှိုင်းဘွဲ့ ဇူလိုင် ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် လဝကမြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဌေးဝင်းက အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## ကျောင်းဆင်း ကျောင်းတက်ချိန် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်သင့်

**ရေတာရှည် ဇူလိုင် ၁၇**

ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးကို နှစ်လမ်းသွားစနစ်မှ နိုင်ငံတကာအဆင့်မီ လေးလမ်းသွားအဖြစ် ချဲ့ထွင်ဆောင်ရွက်လျက်ရှိရာ လမ်းမကြီးများ ကောင်းမွန်လာသည်နှင့်အမျှ နေ့စဉ်အစုန်အဆန် မောင်းနှင်ကြသော ယာဉ်များအနေဖြင့် မြို့တွင်းဖြတ်သန်းချိန်၌ အရှိန်ပြင်းစွာမောင်းနှင်မှုများရှိနေရာ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကို ကျောင်းသားမိဘများအနေဖြင့် စိုးရိမ်သောက ရောက်နေကြရကြောင်းသိရသည်။

“မနက်ပိုင်းကျောင်းတက်ချိန်မှာက သိပ်မစိုးရိမ်ပါဘူး၊ ညနေဘက် ကျောင်းဆင်းချိန်ဆို ကျောင်းသားတွေက ခြေကျင်ရော စက်ဘီးတွေနဲ့ပါ စုပြုံထွက်ကြတာဆိုတော့ အချို့ကားတွေက အရှိန်မလျှော့ပေးဘူး၊ အတင်းမောင်းတာ ဆီဘောက်ဆာကားတွေနဲ့ တွဲကားတွေ အဆိုးဆုံးပဲ” ဟု ကျောင်းသား မိဘတစ်ဦးက ပြောသည်။

ကားလမ်းနှင့် ကပ်လျက်ရှိသော အထက်တန်းကျောင်းများတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့မ၊ နယ်မြေရဲစခန်းများက လမ်းရှင်းဆောင်ရွက်ပေးလျက်ရှိပြီး အခြားသော လမ်းပိုင်းများတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဘာသာ အဆင်ပြေသလိုသွားလာနေကြရပြီး ယာဉ်မောင်းသူများအနေဖြင့် သတိပြုမောင်းနှင်ကြရန် လိုလားနေကြခြင်းဖြစ်သည်။

“ဟိုးအရင်တုန်းကတော့ မော်တော်ယာဉ်က ဒီလောက်မများဘူးလေ၊ ခုကျတော့ အတော်ကိုများလာတယ်၊ ရန်ကုန်-မန္တလေးကားလမ်းဆို နေ့ရောညပါ ကားသံပြတ်တယ်လို့ကို မရှိဘူး၊ ဦးတို့ခေတ်က ခရီးဝေးမောင်းနှင်တဲ့ ယာဉ်မောင်းတွေဆို အသက်အရွယ်အားဖြင့် ၄၀ ကျော် တွေမောင်းကြတယ်၊ အတွေ့အကြုံလည်း ရင့်ကျက်ကြတော့ ယာဉ်မတော်တဆမှုဆိုတာ ကြုံတောင့်ကြုံခဲပါ၊ အခုခေတ်ကျတော့ အသက် ၂၀ ဝန်းကျင် လူငယ်ပိုင်းတွေမောင်းတယ်၊ ယာဉ်နောက်လိုက်ကလည်းမောင်းတယ်၊ လူငယ်တွေရဲ့သဘောဆန္ဒအရ စိတ်မြန်လက်မြန်တွေဆိုတော့ ပုံမှန်မောင်းရမယ့်အရှိန်ကို အလျင်စလိုတွေမောင်းတော့ ယာဉ်တိုက်မှုတွေများလာတယ်၊ ဖြစ်လိုက်ရင် လူငယ်တွေမောင်းတဲ့ယာဉ်တွေပဲ အဖြစ်များတာတွေ့ရတယ်”ဟု ဝါရင့်ယာဉ်မောင်းကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## နိုင်ငံတကာပြိုင်ပွဲအတွက်မြန်မာယူ-၂၃ အသင်းအားဖွဲ့စည်းပြီး ဇူလိုင် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်

**ရန်ကုန် ဇူလိုင် ၁၇**

မန္တလေးမြို့၌ ဩဂုတ် ၁ ရက်မှ ၅ ရက်အထိကျင်းပမည့် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာယူ-၂၃ အသင်းအား ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၂၃ အသင်းတွင် နည်းပြချုပ်အဖြစ် အန်တွမ်နီဟေး၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ ဂိုးနည်းပြ-ကာစတန်၊ ကစားသမားများအဖြစ် ဂိုး- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ အေဇင်မှူး (စစ်ကိုင်း)၊ နောက်တန်း - ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ မျိုးကိုထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ အလယ်တန်း- လှိုင်းဘိုဘို၊ ရဲကိုဦး၊ စည်သူအောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ ရှေ့တန်း- အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)နှင့် ရှိုင်းသူရ (ရတနာပုံ) တို့ပါဝင်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၃ အသင်းတွင် ယူ-၂၃ ကစားသမားများအပြင် ၂၃ နှစ်အထက်ကျော်လွန်သည့် စီနီယာကစားသမားလေးဦးကိုလည်း ထည့်သွင်းရွေးချယ်ထားသည်။ အသက် ၂၃ နှစ်အထက် ကျော်လွန်သည့် ကစားသမားလေးဦးအဖြစ် ဂိုး- ကျော်ဇင်ထက်၊ နောက်ခံလူ ဇော်မင်းထွန်း၊ ကွင်းလယ်လူ ရဲကိုဦးနှင့် တိုက်စစ်မှူး ဒွေးကိုကိုချစ်တို့ကို ရွေးချယ်ထားပြီး ပြိုင်ပွဲတွင် ကစားသမားသုံးဦးသာ ရွေးချယ်ခွင့်ရှိမည်ဖြစ်သည်။

၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်းမှ လှိုင်းဘိုဘို၊ ထိုက်ထိုက်အောင်၊ မောင်မောင်လွင်၊ ဘုန်းသစ္စာမင်း(ဂိုး)၊ အောင်သူ၊ ဆန်းဆက်နိုင် (ဂိုး)၊ ရှိုင်းသူရ၊ စည်သူအောင်၊ ရန်နိုင်ဦးတို့ ပြန်လည်ပါဝင်လာပြီး မျက်နှာသစ်ကစားသမားများအဖြစ် အေဇင်မှူး (ဂိုး)၊ ထက်ဖြိုးဝေ၊ ဟိန်းဖြိုးဝင်း၊ တေဇော်လင်းတို့ ရွေးချယ်ခံရပြီး ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် ယူ-၁၉ အသင်းမှ ကစားသမားအချို့လည်း ရွေးချယ်ခံခဲ့ရသည်။

မြန်မာ ယူ-၂၃ အသင်းသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်ပြီး ညနေပိုင်းမှစ၍ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သည်။

လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်းနှင့်အတူ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဘာရိန်း ယူ-၂၃ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

**မော်လမြိုင်**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဉာဏ်စမ်းမေးခွန်းပြိုင်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီကမော်လမြိုင်မြို့ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

မော်လမြိုင်မြို့အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

### အာဇာနည်နေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်

**မယ်စဲ့**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြု ဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃ ဦး၊ အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား အာဇာနည်နေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အာဇာနည်နေ့အထိမ်းအမှတ်ပန်းချီပြိုင်ပွဲဆုချီးမြှင့်

**ဒေးဒရဲ**

(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ပုံတူပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အ-ထ-က (၁) ဒေးဒရဲမှ သတ္တမတန်းကျောင်းသား မောင်ထက်ဝေယံဟိန်းအား ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပန်းချီဆရာဦးအေးမြင့်ဆွေကလည်းကောင်း၊ ဒုတိယ၊တတိယနှင့် အထူးဆုရရှိသူများအား စာပေချစ်မြတ်နိုးသူများအဖွဲ့မှ တာဝန်ရှိသူများကလည်းကောင်း အသီးသီးဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

### အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်း သင်တန်းဖွင့်

**အလုံ**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် အမျိုးသမီးများအတွက် အိမ်တွင်းမှုတစ်နိုင်တစ်ပိုင်စီးပွားဖြစ်လုပ်ငန်းဖြစ်သည့် ဆပ်ပြာဆီနှင့် ဆပ်ပြာကရင်တို့ကို သဘာဝအသီးအနှံများဖြင့် ဖော်စပ်ခြင်း၊ ဓာတုပစ္စည်းများမပါဝင်သော ဆပ်ပြာဆီနှင့် ဆပ်ပြာကရင် ပြုလုပ်ခြင်းသင်တန်းကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီက သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပညာရေးဌာနမှ ဝန်ထမ်းများ၊ ကျောင်းဆရာမများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာကော်မတီတို့မှ စိတ်ပါဝင်စားစွာ သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ပဲခူးမြို့ဆေးရုံကြီးတွင် အောင်သုခ လေးထပ် လူနာဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ပဲခူး ဇူလိုင် ၁၇**
ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အရှေ့ပေါ်ဌာနရှေ့ရှိ တည်ဆောက်မည့်မြေနေရာတွင် ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီခွဲက အောင်သုခလေးထပ် လူနာဆောင်တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပသည်။

အဆိုပါ အောင်သုခ လေးထပ်လူနာဆောင်အဆောက်အအုံအား ပဲခူးမြို့ အောင်သုခဓမ္မရိပ်သာဆရာတော်ကြီး ဘဒ္ဒန္တ စန္ဒိမာနှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ငွေကျပ်သိန်းနှစ်သောင်းကျော် အကုန်ကျခံကာ Rain Forest Company က တာဝန်ယူဆောက်လုပ်လှူဒါန်းမည်ဖြစ်သည်။

အောင်သုခ လေးထပ်လူနာဆောင်အဆောက်အအုံကို နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အပေါ်ဆုံးထပ်အား သံဃာတော်များအတွက် သံဃာ့ဆေးရုံအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်ရင်၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ အောင်သုခလေးထပ် လူနာဆောင်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဆေးရုံအထောက်အကူပြုကော်မတီဝင်များ၊ ပဲခူးပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်ကြီး၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများ၊ မြို့မိမြို့ဖများ၊ စည်ပင်သာယာကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ **တင်စိုး(ပဲခူး)**



# ကယားပြည်နယ် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများ ရှင်းလင်းဆွေးနွေး

**လွိုင်ကော် ဇူလိုင် ၁၇**
ကယားပြည်နယ် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ (မူကြမ်း) နှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်းကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့ လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးစေလိုကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မူဘောင်နှင့်အညီ ဆောင်ရွက်နိုင်မှု အားနည်းပါကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ကယားပြည်နယ် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများဖြစ်သည့် တရားမဝင်အခွန်ဆောင်ရမှုများလျှော့ချရန်၊ စားသုံးသူကာကွယ်ရေးအတွက် သွင်းကုန်ပစ္စည်းများအား သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးနိုင်မည့် ဓာတ်ခွဲခန်းများ စနစ်တကျထားရှိပြီး စားသုံးသူများအား အကာအကွယ်ပေးရန်၊ ပို့ကုန်မြှင့်တင်ရန်နှင့် ပို့ကုန်အမျိုးအစားသစ်များ ရှာဖွေဖော်ထုတ်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည့် ထောက်ပံ့ရေးစင်တာ ( Resource Center ) ထားရှိရန်၊ ရိုးရာယဉ်ကျေးမှုထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ စနစ်တကျသင်ကြားပေးနိုင်မည့် စင်တာအများအပြား ပေါ်ထွက်လာစေရန်၊ သဘာဝအခြေပြု ခရီးသွားလုပ်ငန်းများအတွက် နေရာသစ်၊ အစီအစဉ်များကို ကျယ်ပြန့်စွာ ရှာဖွေဖော်ထုတ်ပြင်ဆင်ရန်၊ အဆင့်မီယာဉ်ရပ်နားစခန်း အပါအဝင် ပြည်နယ်အတွင်းအပြင် ချိတ်ဆက်သယ်ယူပို့ဆောင်ရေးစနစ်အားကောင်းစေရန်၊ ပြည်နယ်တွင်းမှ ထွက်ကုန်များအားရောင်းချနိုင်ရန် ဈေးကွက်ရှာဖွေရန်၊ ဈေးကွက်ဖော်ဆောင်ရန်နှင့် လုပ်ငန်းများလည်ပတ်ရန်အတွက် ငွေကြေးအရင်းအနှီးများလိုအပ်ခြင်း စသည့် ဦးစားပေးလုပ်ငန်းများအား ရှင်းလင်းဆွေးနွေး တင်ပြခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **အောင်ထွန်းလေး**

# ငါးသယံဇာတပေါများလာစေရေး သိန်ရင်နှင့် လင်ပန်းဆည်တို့တွင် ငါးမျိုးစိုက်ထည့်

**ကန့်ဘလူ ဇူလိုင် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ငါးသယံဇာတပေါများလာစေရန် ရည်ရွယ်၍ ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိန်ရင်ဆည်နှင့် လင်ပန်းဆည်တို့တွင် ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ကန့်ဘလူမြို့ သိန်ရင်ဆည်တွင် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ငါးသောင်း၊ ထိုင်းငါးခုံးမ ငါးသောင်းနှင့် လင်ပန်းဆည်တွင် ငါးမြစ်ချင်းငါးမျိုး ငါးသောင်း၊ ထိုင်းငါးခုံးမငါးမျိုး ငါးသောင်းတို့ကို စိုက်ထည့်ကြသည်။ ထိုသို့ ငါးသားပေါက်များစိုက်ထည့်ခြင်းအားဖြင့် ငါးသယံဇာတများပေါများလာပြီး ဆည်အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ ငါးစားသုံးမှု တိုးတက်လာပါက အပိုဝင်ငွေများလည်း ရရှိလာစေမည်ဖြစ်သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ကန့်ဘလူခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်း၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာများမှ ဒေသခံပြည်သူများ၊ အခြား ဖိတ်ကြားထားသူများ တက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးကြသည်။

ဆည်တမံများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းဖြင့် ငါးထွက်နှုန်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငါးမျိုးများ စိုက်ထည့်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ထားသည့် ငါးမဖမ်းဆီးရသည့်အချိန်ကာလတွင် ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီရှော့ခ်တိုက်ခြင်းများကို မပြုလုပ်ကြရန် ဆည်ပတ်ဝန်းကျင်တွင် သတိပေးဆိုင်းဘုတ်များလည်း စိုက်ထူထားကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးမင်းကပြောသည်။

ငါးသယံဇာတပေါများလာစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နှစ်စဉ် ငါးမျိုးများစိုက်ထည့်ပေးသည့်အတွက် ဆည်ပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများ ငါးစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံသည့်ငါးများကိုလည်း အခြားဒေသများသို့ တင်ပို့ရောင်းချခြင်းဖြင့် အပိုဝင်ငွေများရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မြောင်းမြ**
(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပရာ မြောင်းမြမြို့နယ် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီနှင့် စာစီစာကုံးပြိုင်

**တနိုင်း**
(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို တနိုင်းမြို့ ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီက ပြုလုပ်သည်။ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၂ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(ပြန်/ဆက်)**

### ကျေးလက်တောင်သူများအား ချေးငွေပေးအပ်

**သန်လျင်**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစိမ်းရောင်စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

သန်လျင်မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၂၂ ရွာအနက် ဥယျာဉ်ကျေးရွာရှိ ချေးငွေအောင်မြင်သူ ၁၉၁ ဦးအတွက် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေကျပ် ၄၄၈၀၀၀၀၀ ကို ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဇူလိုင် ၁၃ ရက်တွင် ထုတ်ချေးပေးခဲ့ရာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုစုမွန်ဝင်းနှင့်အဖွဲ့က ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်ဦး**

# ပြည်နယ်အတွင်း မြို့နယ်သမဝါယမအသင်း ၂၉၅ သင်းအား ငွေထုတ်ချေး

**ဘားအံ ဇူလိုင် ၁၇**
ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ သမဝါယမအသင်းများသို့ ပြည်နယ်အဆင့် ဒသမအကြိမ်မြောက် China Exim Bank ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာနခန်းမ၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက ချေးငွေနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အတွင်း ခုနစ်မြို့နယ်အတွက် ချေးငွေများ ပေးအပ်ရာတွင် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြဝတီမြို့နယ်၊ ဖာပွန်မြို့နယ်တို့အတွက် စုစုပေါင်း ၄၁၈၁ ဒသမ ၈၀၃ သန်းကိုလည်းကောင်း၊ လယ်ယာမြေအဆင့်မြှင့်တင်ဆောင်ရွက်မည့် သမဝါယမအသင်း ငါးသင်းအတွက် ၁၃၄ ဒသမ ၄၀၀ သန်းကိုလည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာ အရစ်ကျရောင်းချပေးခြင်း ရိတ်သိမ်းခြွေလှေ့စက် ငါးစီးအတွက် ချေးငွေ ၁၇၁ ဒသမ ၉၀၀ သန်းကိုလည်းကောင်း၊ စံနမူနာပြု (Model) သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းအတွက် ချေးငွေ ၅၀ ဒသမ ၀၀ သန်းအားလည်းကောင်း ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများက ပေးအပ်ရာ အသင်းစုဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြသည်။

အဆိုပါချေးငွေပေးအပ်ပွဲတွင် ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ သမဝါယမအသင်း ၂၉၅ သင်းအား ၄၅၃၈ ဒသမ ၁၀၃ သန်းကို ပြည်နယ်အတွင်းရှိ ကျေးလက်နေတောင်သူလယ်သမားများ၊ အခြေခံပြည်သူများအကျိုးအတွက် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်သမဝါယမဦးစီးဌာနမှ သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနဦးစီးမှူး ဦးသန်းညွန့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေး)၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အကြံပေးပုဂ္ဂိုလ် ဦးဝင်းမြင့်တို့ ပါဝင်သော တိုင်းရင်းဆေး ထုတ်လုပ်သူများအဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇူလိုင် ၁၈ ရက်မှ ၂၁ ရက်ထိ ကျင်းပမည့် အာဆီယံ-တရုတ် တိုင်းရင်းဆေးပြပွဲသို့ တက်ရောက်ရန် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ **ဌေးအောင်**

# (၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**(၁၆-၇-၂၀၁၈ ရက်မှအဆက်)**

အုပ်စု (၅) အင်္ဂုတ္တရ နိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၇၉ ပါး၊ နှစ်ကျမ်းအောင် ၁၄၆ ပါး၊ တစ်ကျမ်းအောင် ၁၂၆ ပါးတို့ ဖြစ်ကြသည်။ အင်္ဂုတ္တရ နိကာယသုံးကျမ်းအောင် ၂၇၉ ပါး၊ ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ မင်္ဂလာ ၄၊ အရှင်ပညာဝရာလင်္ကာရ၊ အသက် ၃၀ နှစ်၊(ဘ)ဦးခင်မောင်တင့်၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ စိန် ၃၈၊ အရှင်ဝဏ္ဏိသရာလင်္ကာရ၊ အသက် ၂၂ နှစ်၊ (ဘ)ဦးမောင်ထွေးဖြူ၊ ရတနာပန်းကုံးကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ်၊ ပူရ ၄၊ အရှင်ဥက္ကဋ္ဌာလင်္ကာရ၊ အသက် ၂၃ နှစ်၊ (ဘ) ဦးကျော်ဝင်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး(တတိယ)

(ဃ) အင်္ဂုတ္တရ နိကာယ်သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ တက ၃၂၊ မဉာဏောသီ၊ အသက် ၂၈နှစ်၊ (ဘ) ဦးအောင်ကြည်၊ မြသပိတ်သာမဏေကျော်စာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(သီလရှင်ပထမ)

အုပ်စု (၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် တစ်ပါး၊ သုံးကျမ်းအောင် တစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ (၂)(သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် နှစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက)(ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၉၄ ပါး၊ တစ်ကျမ်းအောင် ၈၆ ပါး တို့ ဖြစ်ကြသည်။ အဘိဓမ္မပိဋက (အဘိဓမ္မာပထမပိုင်း) နှစ်ကျမ်းအောင် ၉၄ ပါး အနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ ဗဟ ၇၊ အရှင်သုမနာလင်္ကာရ၊ အသက် ၂၀ နှစ်၊ (ဘ) ဦးဖိုးထူး၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ်၊ စိန် ၅၊ အရှင်ခန္တီစာရာလင်္ကာရ၊ အသက် ၂၀ နှစ်၊ (ဘ) ဦးအောင်ချိန်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ်၊ မရ ၁၅၊ အရှင်ဇောတလ၊ အသက် ၂၄ နှစ်၊ (ဘ)ဦးကုလား၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

အုပ်စု (၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် တစ်ပါး၊ သုံးကျမ်းအောင် နှစ်ပါး၊ နှစ်ကျမ်းအောင် နှစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ ဖြစ်ကြသည်။

မဟာဝိဒူတန်း အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာသုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် လေးပါး၊ နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် လေးပါးတို့ ဖြစ်ကြသည်။

မဟာဝိဒူတန်း အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) ဒီဃနိကာယ် အဋ္ဌကထာ သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် နှစ်ပါး ဖြစ်ကြသည်။

မဟာဝိဒူတန်း အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာ နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်း အောင် နှစ်ပါးတို့ ဖြစ်ကြသည်။

(၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စုကိုးခုနှင့် မဟာဝိဒူတန်းအုပ်စု သုံးခုတို့၌ ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၅၆၇၁ ပါး ဖြစ်ကြသည်။

နိကာယ်အောင်စာရင်းအပြည့်အစုံကို နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ရုံးများတွင်လည်းကောင်း၊ နိကာယ်စာဖြေဌာန ရှိသော မြို့နယ်သံဃနာယကအဖွဲ့ရုံးများတွင် လည်းကောင်း၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများတွင်လည်းကောင်း နိကာယ်စာမေးပွဲအောင်စာရင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora. gov.mm၊ သာသနာရေးဦးစီးဌာန Website www. dra.gov.mm တို့တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# မြောက်ဦးမြို့၌ ရေဘေးအန္တရာယ်အတွက် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြောက်ဦး ဇူလိုင် ၁၇**

မြောက်ဦးမြို့နယ်အတွင်း ရေဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာနေပြည်သူများအား ရေဘေးအန္တရာယ်ပညာပေးဟောပြောပွဲ၊ ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ပတ်သက်သည့် အသိပညာရပ်များကို ပြည်သူများသိရှိနားလည်နိုင်ရန်ရည်ရွယ်ပြီး ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့နယ် အောင်တပ်ရပ်ကွက် သင်္ဘောဆိပ်အတွင်းရှိ အောင်တပ်ချောင်းအတွင်း၌ ပြုလုပ်သည့် ဇာတ်တိုက်လေ့ကျင့်မှုကို ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးဦးကျော်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်သာစိန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစံထွန်းနှင့်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးက အောင်တပ်ချောင်းအတွင်း စပိဘုတ်နှစ်စင်းဖြင့်လှည့်လည်၍ အသက်ကယ်ဗောကွင်းများ အသုံးပြု၍ ရေနစ်သူအား ကယ်ဆယ်နည်း၊ ရေစီးသန်ပါက ရေနစ်နေသူအား နှစ်ထပ်ဒဏ်သေကြိုးချည်နည်း အသုံးပြု၍ ကယ်ဆယ်ခြင်း၊ အခြေခံပက်လက်ကူးနည်းဖြင့် ဦးခေါင်းဆွဲသယ်ဆောင်နည်း၊ ရင်ပေါင်တန်းကူးနည်းဖြင့် လက်ပန်းကျသယ်ဆောင်နည်း၊ ဘေးစောင်းကူးနည်းဖြင့် ဆံပင်ဆွဲသယ်ဆောင်နည်းနှင့် ဘေးစောင်းကူးနည်းဖြင့် ရင်ဘတ်သိုင်းသယ်ဆောင်နည်း စသည့် ရေပြင်ကယ်ဆယ်နည်း သရုပ်ပြသခြင်းများကို တပ်ဖွဲ့ဝင်များက လက်တွေ့ပြသခဲ့သည်။

ထို့နောက် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၂ ဦးကလည်း ရေနစ်သူအားအသက်ရှူအားကူနည်းစနစ်၊ နှလုံးနှိုးဆွနည်း (CPR)၊ ဒဏ်ရာရသူအား ပတ်တီးစည်းနည်းများနှင့် ထမ်းစင်ဖြင့် လူနာသယ်ဆောင်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

အဆိုပါ သရုပ်ပြပွဲတွင် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၂ ဦးတို့က ရေပြင်ရှာဖွေကယ်ဆယ်ရေး လက်တွေ့ဇာတ်တိုက်သရုပ်ပြခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ
# တစ်သက်တာစာပေဆု ဆရာကြီးဒေါက်တာသန်းဦး(ပြည်စိုးမင်း)ရရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ဒုတိယဆုကို ဇာနည်ရေးဖွဲ့သည့် "အလှထနောင်းမြရိပ်ဝေကဗျာများ"၊ တတိယဆုကို ဇေယျာဘုန်းမြင့်ရေးဖွဲ့သည့် "မေတ္တာချည်မှ ခိုင်သောကြိုးနှင့် အခြားကဗျာများ" စာမူတို့ကလည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို ဝနေတင့်နိုင်ရေးသားသည့် "ပင်လယ်ဝေးရာ၊ ပြေးကာရွာချ၊ ကန္တရမိုး"စာမူ၊ တတိယဆုကို နွေကုံကော်(မြို့လှ)ရေးသားသည့် "ပွင့်သော ပန်းတိုင်းကိုလည်း"စာမူတို့ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ယိမ်းနွဲ့လျံရေးသားသည့် " ရွှေစင်တစ်ရစ်မြတစ်ရစ်"ဝတ္ထုတိုများစာမူ၊ ဒုတိယဆုကို ရန်ကုန်ငွေဇော်ရေးသားသည့် "ဆယ့်တစ်မီးဝတ္ထုတိုများ"စာမူ၊ တတိယဆုကို တွင်းကြီးသား တင်ဝင်းဦးရေးသားသည့် "ရွှေချိုးဖြူကူတဲ့တောနှင့် အခြားဝတ္ထုတိုများ"စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုကို မင်းသျှင်အောင်(တွံတေး)ရေးသားသည့် "မြန်မာဂန္ထဝင် အငြိမ့်သဘင်"စာမူ၊ ဒုတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)ရေးသားသည့် "တောမှီပျော်မွေ့ရှင်ရသေ့"စာမူ၊ တတိယဆုကို ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)ရေးသားသည့် "နယ်ချဲ့တို့ ဖိန့်ဖိန့်တုန်ခဲ့ရသည့် ဂဠုန်ဆရာစံနှင့် သာယာဝတီဒေသမှ အထင်ကရပုဂ္ဂိုလ်များ"စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)ရေးသားသည့် "ကယားတို့၏ဘဝဓလေ့" စာမူ၊ ဒုတိယဆုကို မင်းသူရိန်(ထားဝယ်) ရေးသားသည့် "သာဂရဌာနီပျူတို့ပြည်" စာမူ၊ တတိယဆုကို ကိုကိုငြိမ်း(ကောလင်း)ရေးသားသည့် "ကမ္ဘာ့ရွှေ မြန်မာ့ရွှေ" စာမူတို့ကလည်းကောင်း အသီးသီးရရှိကြသည်။

၂၀၁၇ ခုနှစ်အတွက် "တစ်သက်တာစာပေဆု"ကို စာရေးဆရာကြီး ဒေါက်တာသန်းဦး(ပြည်စိုးမင်း)ကရရှိသည်။

ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မအိန္ဒြေဖူးငုံ ဒုတိယနှစ်(ဂီတအထူးပြု)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မအိဖြူဇင် ဒုတိယနှစ်(သဘင်အထူးပြု)တို့က ရရှိကြသည်။

၂၀၁၇ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ကို အမျိုးသားစာပေဆုရှင် ဒေါက်တာမောင်ဖြေ (စာရေးဆရာ ဝိသုဇ္ဇက-ပဲခူး)ရေးသားသည့် "အဘိဓမ္မာဒေသနာနည်းလာ ဓာတ်ပညာအဖွင့် (The Introductory on The Treatise Describing Method How To Concentract on Abidamma)စာအုပ်၊ အကြီးကိုကို(ကသာ) ရေးသားသည့် "သားနဲ့သမီးဖတ်ဖို့စာ" စာအုပ်နှင့် ကျော်လင်း(ဆောက်လုပ်ရေး)ရေးသားသည့် "သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိသော အဆောက်အအုံများ" စာအုပ်တို့က ရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ဖုန်း ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်ခရိုင်အတွင်း မိုးစပါး ဧကတစ်သိန်းကျော်အား ဆည်ရေလုံလောက်စွာပေးနိုင်မည်

**ကျောက်ဆည် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကြီးကြပ်မှုဖြင့် ဇော်ဂျီရေသောက်စနစ်နှင့် ကင်းတားရေသောက်စနစ်နှစ်ခုဖြင့် စိုက်ပျိုးရေများပေးဝေလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဇော်ဂျီရေသောက်စနစ်ဖြင့် နွေစပါး ၂၃၈၉၇ ဧကနှင့် နွေသီးနှံ(နှမ်း၊ ငရုတ်၊ ကြက်သွန်နှင့် အခြားသီးနှံ) ၃၂၃၂၉ ဧကနှင့် ကင်းတားရေသောက်စနစ်ဖြင့် နွေစပါး ၄၅၆၃၃ ဧကနှင့်နွေသီးနှံ ၅၅၀၇၅ ဧကတို့ကို အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဇော်ဂျီရေလှောင်တမံ၌ စိုက်ပျိုးရေပေးဝေနိုင်သည့် ရေသိုလှောင်မှုပမာဏ ဧကပေ ၂၄၀၀၀၀ ခန့်နှင့် မြို့ကြီးရေလှောင်တမံတွင် ဧကပေ ၁၉၀၀၀၀ ခန့်၊ ကင်းတားရေလှောင်တမံတွင် ဧကပေ ၄၉၀၀၀၀ ခန့်သိုလှောင်ထားရှိနိုင်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ် ဇော်ဂျီရေသောက်စနစ်တွင် လျာထားမိုးစပါးစိုက်ဧက ၆၄၄၂၉ ဧကနှင့်ကင်းတားရေသောက်စနစ်တွင် လျာထားမိုးစပါးစိုက်ဧက ၁၀၈၇၆၉ ဧကများအတွက် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ပြောပြချက်အရ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

နိုင်လင်းကြည်

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ




## ကမ္ဘာ့ဖလားအောင်ပွဲကို ပြင်သစ်ပရိသတ် သန်းတစ်ဝက်နီးပါးက ကြိုဆိုဂုဏ်ပြု

ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာ ခရိုအေးရှားအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ကမ္ဘာ့ဖလားကို ဒုတိယအကြိမ်ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဲဒီလိုဖလားဆွတ်ခူးခဲ့ပြီးတဲ့နောက် ပြင်သစ်မြေကို ပြန်သွားတဲ့အချိန်မှာ ပါရီမြို့ရဲ့ Champs-Elysees ရိပ်သာလမ်းမှာ ပရိသတ်သန်းတစ်ဝက်နီးပါးလောက်က လာရောက်ကြိုဆိုဂုဏ်ပြုခဲ့ကြပါတယ်။ အဲဒီမှာ ပြင်သစ်ပရိသတ်တွေဟာ ကမ္ဘာ့ဖလားကို သိမ်းပိုက်အောင်ပွဲခံနိုင်ခဲ့တဲ့ ပြင်သစ်အသင်းနည်းပြဒက်ချမ့်နဲ့ ကစားသမားတွေကို ပြင်သစ်နိုင်ငံအလံကိုယ်စားပြုထားတဲ့ အနီ၊ အဖြူ၊ အပြာ အဲဒီအရောင်တွေပါတဲ့ အမှတ်အသားတွေနဲ့ ကြိုဆိုခဲ့ကြတာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဖလား အောင်ပွဲခံပြင်သစ်အသင်း Champs-Elysees ရိပ်သာလမ်းကို ရောက်ရှိချိန်မှာ ပြင်သစ်ဂျက်လေယာဉ်တွေကလည်း အနီ၊ အဖြူ၊ အပြာ စတဲ့အရောင်တွေပါတဲ့ မီးခိုးတန်းတွေကို ထုတ်လွှတ်ပေးပြီး ကြိုဆိုခဲ့ပါတယ်။ ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားရရှိခဲ့တဲ့ နည်းပြဒက်ချမ့်အတွက်တော့ ကစားသမားဘဝမှာရော နည်းပြဘဝမှာပါ ကမ္ဘာ့ဖလားရခဲ့တဲ့ မှတ်တမ်းဝင်သွားခဲ့ပါတယ်။




## အမ်မီရာကန်နဲ့ အာဂုနစ်ထဲမှာ ထိုးသတ်ဖို့ဆန္ဒရှိနေတဲ့ ပက်ကွီယို

ဖိလစ်ပိုင်လက်ဝှေ့အကျော်အမော် ပက်ကွီယိုဟာ အထူးစိန်ခေါ်ပွဲအဖြစ် ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အမ်မီရာကန်နဲ့ အခုနှစ်ထဲမှာ ယှဉ်ပြိုင်ထိုးသတ်ဖို့ဆန္ဒရှိနေတယ်လို့ သိရပါတယ်။ ပက်ကွီယိုဟာ သူ့ရဲ့လက်ဝှေ့ သမားဘဝတစ်လျှောက်မှာ ဖလိုင်းဝိတ်၊ ဖယ်သာဝိတ်၊ လိုက်ဝိတ်၊ ဝယ်တာဝိတ် စတဲ့ပြိုင်ပွဲတွေမှာ ပိုမိုအားသန်ပြီး မတူညီတဲ့ ဝိတ်တန်းငါးခုကနေ ချန်ပီယံ ၁၁ ကြိမ်အထိရထားသူပါ။ အမ်မီရာကန်ကတော့ ဗြိတိန်ရဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး သူ့ရဲ့ ကစားသမားဘဝမှာ ၃၆ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၃၂ ပွဲအထိ နိုင်ပွဲရရှိထားခဲ့သူဖြစ်ပြီး လေးပွဲကတော့ ရှုံးခဲ့ပါတယ်။ အမ်မီရာကန်အနေနဲ့ ၃၂ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ခဲ့တဲ့နေရာမှာ ပွဲ ၂၀ က အလဲထိုးနိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ အမ်မီရာကန်ဟာ လက်ဝှေ့လောကမှာ အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်ပြီး အနိုင်ယူနိုင်ခဲ့တာတွေအတွက် သူ့ကို လက်ဝှေ့လောကရဲ့ ဘုရင်လို့ တင်စားခံထားရသူဖြစ်ပါတယ်။ လက်ရှိမှာတော့ ပက်ကွီယိုကသာ အမ်မီရာကန်နဲ့ အခုနှစ်ထဲမှာ ယှဉ်ပြိုင်ထိုးသတ်ဖို့ဆန္ဒရှိနေတာဖြစ်ပြီး ဘယ်အချိန်ထိုးသတ်မလဲဆိုတာကတော့ တိကျတဲ့အဖြေတစ်ခုမထွက်သေးပါဘူး။




## ဒါလေဘလိုင်းကို အေဂျက်ဆီပြန်ရောင်းဖို့ သဘောတူလိုက်တဲ့မန်ယူ

မန်ယူအသင်းဟာ နောက်တန်းကစားသမား ဒါလေဘလိုင်းကို အေဂျက်အသင်းဆီပြန်လည်ရောင်းချဖို့ သဘောတူလိုက်ပြီလို့ သိရပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ နယ်သာလန်ကြယ်ပွင့်ကစားသမား ဒါလေဘလိုင်းဟာ လွန်ခဲ့တဲ့လေးနှစ်တုန်းက နယ်သာလန်ကလပ် အေဂျက်အသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ နောက်တန်းကစားသမား ဒါလေဘလိုင်းဟာ မန်ယူအသင်းနဲ့အတူ လေးနှစ်ကြာဖြတ်သန်းခဲ့ရာမှာတော့ ပွဲပေါင်း ၁၄၁ ပွဲအထိ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ဘောလုံးရာသီကတော့ နည်းပြမော်ရင်ဟိုရဲ့ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ်ခုနစ်ပွဲသာ ပွဲထွက်ကစားခဲ့ရတာဖြစ်ပါတယ်။ မန်ယူအသင်းဟာ အခုဘောလုံးရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ပေါ်တိုအသင်းဗဟိုခံစစ်မှူး ဒါလော့၊ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းမှ ဘရာဇီးကြယ်ပွင့်ကစားသမား ဖရက်ဒ်နဲ့ စတုတ်စီးတီးအသင်းရဲ့ ဝါရင့်ဂိုးသမား လီဂရန့်တို့ကိုလည်း ခေါ်ယူထားခဲ့ပြီးဖြစ်ပါတယ်။

## စီရိုနယ်လ်ဒိုကို ကျောနံပါတ် ၇ ပေးလိုက်ပြီးနောက် ကျောနံပါတ်အသစ်ရှာနေတဲ့ ကွာဒရာဒို

ဂျူဗင်တပ်အသင်းကို စီရိုနယ်လ်ဒိုပြောင်းရွှေ့လာခဲ့ပြီးချိန်မှာ တောင်ပံကစားသမား ကွာဒရာဒိုဟာ ဂျူဗင်တပ်အသင်းမှာ ဝတ်နေတဲ့ ကျောနံပါတ် ၇ ကို စီရိုနယ်လ်ဒိုကိုလွှဲပေးခဲ့ပြီး ကျောနံပါတ်အသစ်အတွက် ဆန္ဒမဲပေးဖို့ ပရိသတ်တွေကို တောင်းဆိုလိုက်တယ်လို့ သိရပါတယ်။ အဲဒီလို ကျောနံပါတ်အသစ်အတွက် မဲပေးဖို့ ကွာဒရာဒိုက သူ့ရဲ့တွစ်တာစာမျက်နှာမှာ တင်ခဲ့တာဖြစ်ပြီး ကျောနံပါတ် ၁၁ ဝတ်ဆင်ကစားဖို့လည်း ရှိနေပါတယ်။ လက်ရှိမှာ ကျောနံပါတ်အသစ်အတွက် ပရိသတ်အများစုမဲပေးထားတာကတော့ ကျောနံပါတ် ၁၆၊ ၂၁၊ ၄၉ နဲ့ ၁၀ တို့က အများဆုံးဖြစ်နေတယ်လို့ ဆိုပါတယ်။ ကွာဒရာဒိုရဲ့ ကျောနံပါတ်အသစ်အတွက် မဲပေးသူအရေအတွက် တစ်သိန်းခွဲကျော်ရှိခဲ့ရာမှာ ၃၄ ရာခိုင်နှုန်းက ကျောနံပါတ် ၄၉ ဝတ်ဆင်ကစားဖို့မဲပေးခဲ့တာဖြစ်ပြီး ကွာဒရာဒိုကမူ သူ့ရဲ့ ကျောနံပါတ်အသစ်ရွေးချယ်ပြီးပါက ပရိသတ်ကို ကြိုတင်ပြီး အတည်ပြုပြောကြားမယ်လို့လည်း ဆိုပါတယ်။





## ပရော်ဖက်ရှင်နယ်ဘောလုံးသမားဖြစ်ဖို့ မျှော်လင့်နေတဲ့ ဟူစိန်ဘို့

ဂျမေကာအပြေးသမား ဟူစိန်ဘို့ဟာ ပရော်ဖက်ရှင်နယ် ဘောလုံးသမားတစ်ယောက်ဖြစ်လာဖို့အတွက် ဩစတြေးလျကလပ် Central Coast Mariners အသင်းနဲ့ အတူ လေ့ကျင့်မှုတွေပြုလုပ်နေတာဖြစ်ပါတယ်။ ဟူစိန်ဘို့ဟာ ဩစတြေးလျကလပ် Central Coast Mariners အသင်းမှာ ရက်သတ္တခြောက်ပတ်ကြာ လေ့ကျင့်သွားမှာဖြစ်ပြီး ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်း၊ နော်ဝေကလပ် Stromsgodset အသင်းတို့နဲ့လည်း လေ့ကျင့်မှုတွေပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဟူစိန်ဘို့အနေနဲ့ ဩစတြေးလျကလပ်အသင်းနဲ့အတူ လေ့ကျင့်မှုကို လာမယ့် ဩဂုတ်လမှာစတင်မှာဖြစ်ပြီး သူ့အနေနဲ့အောင်မြင်မှုရရှိခဲ့မယ်ဆိုရင် နယူးဆောင့်ဝေးလ်ပြည်နယ်အခြေစိုက် ကလပ်အသင်းတစ်သင်းမှာ ဝင်ရောက်ကစားဖို့ရှိနေတယ်လို့ သိရပါတယ်။ ဒေါ့မွန်အသင်းနဲ့အတူ လေ့ကျင့်ကစားခဲ့ရာမှာတော့ ဒေါ့မွန်တိုက်စစ်မှူး ဂေါ့ဇီနဲ့အတူ လေ့ကျင့်ခဲ့တာဖြစ်ပြီး အပြေးသမားဘဝကနေ ဘောလုံးသမားဘဝကို ပြောင်းလဲဖို့ စိတ်အားထက်သန်နေတဲ့ ဟူစိန်ဘို့ဟာ ရုရှားနိုင်ငံမှာ ကစားခဲ့တဲ့ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်ဖြစ်တဲ့ ပြင်သစ်အသင်းနဲ့ ခရိုအေးရှားအသင်းတို့ရဲ့ ပွဲစဉ်ကိုလည်း လာရောက်အားပေးခဲ့တယ်လို့ သိရပါတယ်။

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့မှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**ပွဲတော်ကာလတွင် သိမ်းဆည်းထားသည့် ရွှေမိုက်များ**

| | |
|---|---|
| (က) ရွှေလှောင်စက္ကူ (၁၅တင်းအိတ်) | ၁၂၃ အိတ် |
| (ခ) သုတ်ဖတ်/တို့ဖတ်(အလုံး) | ၂၈၃ လုံး |
| (ဂ) ကန်မြေ (မြွေခွံအိတ်ဖြင့်) | ၆၆ ပိုင်း |
| (ဃ) မြောင်းမြေ (မြွေခွံအိတ်ဖြင့်) | ၁၃ ပိုင်း |
| (င) ဘုရားချောက်ထဲမှ ရသည့်အမှိုက် (၁၅တင်းအိတ်) | ၃၈ အိတ် |

တင်ဒါလျှောက်လွှာစတင်ယူရမည့်ရက်/အချိန် - 16-7-2018 (9:30 AM)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - 3-8-2018 (4:30 PM)
တင်ဒါဖွင့်မည့်ရက်/အချိန် - 4-8-2018 (12:00 AM)
တင်ဒါလျှောက်လွှာယူရန်နှင့် တင်သွင်းရမည့်နေရာ - ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း

**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့မှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် ဆည်းလည်းအရွယ်အစားမျိုးစုံ ပိဿာချိန်(၁၀၀၀၀)ခန့် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာစတင်ယူရမည့် ရက်/အချိန် - 16-7-2018 (9:30 AM)
တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - 3-8-2018 (4:30 PM)
တင်ဒါဖွင့်မည့်ရက်/အချိန် - 4-8-2018 (10:00 AM)
တင်ဒါလျှောက်လွှာယူရန်နှင့် တင်သွင်းရမည့်နေရာ - ဂေါပကအဖွဲ့ရုံး ကင်မွန်းစခန်း

**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့**

July 26
Aug 20

## ဖခင်အမည်မှန်

အထက(၃)၊ လှိုင်သာယာကျောင်း၊ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ထက်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုးအောင် ဖြစ်ပါကြောင်း။

**ဦးနိုးအောင်**

## ပဉ္စနိကာယ်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ရန်ကင်းမြို့နယ်၊ ပဉ္စနိကာယသာသနပိမာန်ကျောင်းတိုက်တွင် ယခုနှစ်ဝါဆိုတော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်) အမှူးရှိသော စာချ-စာသင် သံဃာတော်အရှင်မြတ်(၃၀၀)ကျော်တို့အား (၄၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်) ၂၈-၇-၂၀၁၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပဉ္စနိကာယ ဓမ္မသဘာ၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်များ**
**ပဉ္စနိကာယသာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၀၉-၂၅၀၀၁၇၈၅၆၊ ၀၉-၂၅၀၀၁၇၈၅၅**

## နေရာကောင်း မြေညီထပ် တိုက်ခန်းကျယ် ရောင်းမည်

ဝေဇယန္တာ လမ်းမကြီးပေါ် အောင်ရတနာဆေးရုံအနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အကျယ် ပေ(၁၈×၇၀) ပြင်ဆင်ပြီး၊ ကားရပ်ရန်နေရာကျယ်၊ လုပ်ငန်းမျိုးစုံ လုပ်နိုင်သည်။ ဈေးနှုန်း သိန်း(၃၆၀၀)၊ အကျိုးဆောင်များ မလိုပါ။ ပိုင်ရှင်ကိုယ်တိုင်သာ

**ဖုန်း-၀၉-၅၁၈၃၅၁၈၊**
**၀၉-၄၃၁၂၅၇၁၉**

## ကံမမြို့နယ်အသင်း(ရန်ကုန်) ဖိတ်ကြားလွှာ

နိုင်ငံတော်မှ "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အင်ဖက်တောကျောင်း ဆရာတော်ကြီး "ဘဒ္ဒန္တစိတ္တဉာဏ" မဟာထေရ်မြတ်ကြီးအား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းသုံးနေထိုင်လျက်ရှိကြကုန်သော ကံမမြို့နယ်ဇာတိဖွား ကျောင်းထိုင်ဆရာတော်ကြီး (၁၆)ပါးတို့အား (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ပူးတွဲကျင်းပမည် ဖြစ်ပါသောကြောင့် အသင်းဝင်များနှင့် ကံမမြို့နယ်သူ/သားများ ကြွရောက်လှူဒါန်း ပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၉-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၈:၀၀ နာရီတိတိ
**ကျင်းပမည့်နေရာ** - မဟာပုညောပကာရဓမ္မာရုံ၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်

**အလုပ်အမှုဆောင်အဖွဲ့**
**ကံမမြို့နယ်အသင်း(ရန်ကုန်)**

## ပျောက်ဆုံး

ကျွန်တော် အောင်မြတ်ထွန်း[၇/ပမန(နိုင်)၁၁၁၃၄၇]၏ သဘော်သားစာအုပ်(All in one)နှင့် SID စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ထံ ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၂၅၀၁၁၄၀၄၄**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပေါက်တော(၇)၊ မြို့သစ်(ဂ)၊ မြေကွက်အမှတ်-၃၅၅(က)၊ ဧရိယာ ပေ(၂၀×၆၀)၊ မြေကွက်တည်နေရာအမှတ်-၃၅၅(က)၊ ပိတောက်(၂)လမ်း၊ မြို့သစ် (ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးပု အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပုထံမှ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ် အဆက်အစပ်၊ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြပြီး ဒေါ်နီနီဆိုင်[၁၄/ညတန(နိုင်)၀၉၇၈၃၁]မှ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေသီးသန့် အမြန်ဈေးလျှော့ရောင်းမည်


အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဘောဂလမ်း၊ ဘိုးဘွားပိုင်မြေ၊ ပေ(၂၅×၄၀)သိန်း (ယခင် ၃၅၀ မှ ယခု ၃၃၀) အလျှော့အတင်းရှိ။

**ဖုန်း-၀၉-၇၉၆၄၅၄၆၅၇**
**၀၉-၅၁၁၅၆၇၂**

## အမည်ပြောင်း

## သင့်သွေးဖြင့် အသက်ကယ်ပါ



# (၃၆)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးမောင်ကြည်(ငြိမ်း)**၊ Deputy Project Director (Crown Advanced Construction Co.,Ltd) နှင့် ချစ်မေမေ **ဒေါ်ခင်ကြည်မာ**တို့၏ ၁၈-၇-၂၀၁၈ ရက်တွင် ကျရောက်သော (၃၆)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီး၊ မြေးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာကို ဆပွားတိုး၍ ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**သမီးကြီး - ကျော်သူရ (2/E-Golden Eagle International Co,Ltd)- ရည်မွန်သော်**
**သမီးငယ် - ရဲမင်းခိုင်- သီရိသော် (Perth, Australia)**
**သားငယ် - ခန့်မင်းထူး**
**ချစ်မြေးလေး- ကီစံ @ ခင်သုတစံ**

## ပျောက်ဆုံးကြောင်း

ဦးစံသို့စ်ကူမာရ် [၇/ဖမန(ပြု)၀၀၁၉၆၈]၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိမှာ ခရီးသွားစဉ် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၈၃၈၂၄၅၃

## တစ်ဦးတည်းဖြစ်ကြောင်း

အထက(၅)၊ ကမာရွတ်၊ အဋ္ဌမတန်း(C)မှ မနန်းစုစုဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်း(ခ) ဦးခွန်အောင်ကျော်မင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ဒဂုံဆိပ်ကမ်း)၊ အထက(၄) ဒသမတန်းမှ မောင်သူရအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် [၇/ကဝန(နိုင်)၂၀၆၁၆၈] ဖြစ်ပါသည်။ **ဦးမျိုးအောင်**


**ရိုလုံ့ရွှေဆိုင်ကြီး (လက်လီလက်ကား)**
Facebook Page { ရိုလုံ(၂)ရတနာရွှေဆိုင် / ချမ်းလုံ ရတနာရွှေဆိုင် }

RUBY 519100, 535100 / 09-51-77212

AC-Express(45,33,25), (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II
Ph: 09-252522200, 09-33345545, 09-5089800

**သုခမိန်** ၏ (၀)နှစ်မြောက် ...
ရှမ်းပြည်နယ်- ပင်ခွန် / ကယားပြည်နယ် - လွိုင်ကော်
26-7-2018 မှ 29-7-2018 အထိ
01-253079 / 09 5155654 / 09765155654 / 09965155654

**ယမင်းသူ**
09 5174914, 09 5136421

**မင်္ဂလာပါ**
09-450042704

**ဆိုဟာလင်း**
01-570307
09-5112729
09-5126394

ဖုန်း: 09-450454771, 09-450454772, 09-450454773

MCC Institute
မိမိအဝေးအောင်မြင်မှုအတွက် ရွေးချယ်တက်ရောက်နိုင်ပါပြီ
IT | Business | Engineering
University of Greenwich, UK — B.Sc(Hons:) Business IT
SIAM University, Thailand — BBA (International Business)
Asian Institute of Technology — AIT ( ME - Engineering)
MCC.i (YGN) Tel : 01-249152, 01-246634
MCC.i (MDY) Tel : 09-402671562, 09-441034062
MCC.i (NPT) Tel : 09-254148940, 09-457733191
Enroll Now


## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၁၁) (ခေါင်းရင်းဘက်ခြမ်း)၊ ပထမထပ်၊ ပေ(၅၀×၁၃½)ကျယ်ဝန်းသော ရေ၊ မီး၊ ဆေး အပြည့်အစုံပါဝင်သော တိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိ တရားဝင်ပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာအေး[၁၂/တမန(နိုင်)၀၉၉၄၇၉]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုင်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လှလှထွေး** | **ဒေါ်မေစုခိုင်** |
| **LL.B., D.B.L** | **LL.B, D.B.L, D.I.L, D.I.R** |
| **WIPO (Switzerland)** | **D.A (Psy), WIPO (Switzerland)** |
| **(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၀၉၅၇)** | **(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၀၉၄၀)** |

**အမှတ်(၁၀၆)၊ ပထမထပ်၊ ၃၇ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၂၅၄၄၁၀၀၉၁၊ ၀၉-၇၇၅၁၈၃၁၃၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၄၇၈)တွင် နေထိုင်သူ ဒေါ်လှကျော့ယဉ် [၁၂/မရက(နိုင်)၁၄၃၅၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှကျော့ယဉ်နှင့် ဦးသိန်းဦး(ဘ)ဦးညဏ်ဝင်း [၁၂/မရက(နိုင်)၁၃၄၃၉၈]တို့သည် (၁၃-၅-၂၀၁၆)ရက်တွင် မရမ်းကုန်းမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး၏ရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ကွာရှင်းပြီးသည့်အချိန်မှစ၍ ယနေ့အချိန်ထိ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှကျော့ယဉ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမွန်အောင်(LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၈၈၇/၂၂-၁၀-၂၀၁၀)**
**အမှတ်(၁၇/ပထပ်)၊ ဦးအောင်ဘလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ အထက မှုရိုး အဋ္ဌမတန်းမှ မောင်အေးထက်၏ ဖခင်အမည်မှန်မှာ ဦးနန်းအောင် [၉/မလန(နိုင်)၁၄၇၈၂၈] ဖြစ်ပါကြောင်း။ **ဦးနန်းအောင်**

## ပျောက်ဆုံးကြောင်း

ဦးဇော်ဇော်လတ်[၁၂/တတန(နိုင်)၀၃၀၀၀၉]၏ စက်ခန်းအုပ် လက်မှတ် စမပ-၅၀/၂၀၁၂ သင်္ဘောသားစာအုပ်တို့မှာ ခရီးသွားစဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၇၇၇၇၃၂၅၀**

## အမည်ပြောင်း

စမ်းချောင်းမြို့နယ်၊ စမ်းချောင်း အထက(၂) ဒုတိယတန်း(သစ္စာ) ဦးမင်းမင်းလင်း၏သမီး မေပြည့်စုံသော်အား ကြယ်စင်လင်းလက်သူဟု ပြောင်းလဲခေါ်ပါရန်။ **ကြယ်စင်လင်းလက်သူ**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ Wisdom Eye ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မဇင်ပပညိမ်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဦးဆန်းထူး [၈/ခမန(နိုင်)၁၀၄၉၆၅]ဖြစ်ပါသည်။

## သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ ရတနာသုခလမ်းနှင့် ဗိုလ်ထွန်းလင်းလမ်းထောင့်၊ အိမ်အမှတ် (၈၆၅)နေ ဒေါ်မြင့်မြင့်(ခ) မချို[၁၂/ဗဟန(နိုင်)၀၈၄၅၂၀]၊ သမီးဖြစ်သူ ဒေါ်နီလာထွန်း(ခ)ပရဝင်း မှတ်ပုံတင်ပြုလုပ်ဆဲသည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းများသည် ၎င်းနှင့်သာ သက်ဆိုင်ပြီး မိဘတို့နှင့် မသက်ဆိုင်ကြောင်းနှင့် (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်း မေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်မြင့်မြင့်(ခ)မချို**
**[၁၂/ဗဟန(နိုင်)၀၈၄၅၂၀]**

# NELC
"Don't Worry, Just Speak!"




## Communicative English Classes

OVER 16 YEARS OLD

- Intro
- Level-1,2,3
- Listening/Speaking-1&2
- Grammar
- IELTS Foundation

# STI MYANMAR UNIVERSITY
in partnership with University of Bedfordshire

WORLD CLASS DEGREE PROGRAMS



**BEng (Hons)**
Civil Engineering

**BEng (Hons)**
Architectural Engineering

**BEng (Hons)**
Civil Architectural Engineering

**BEng (Hons)**
Electronic Systems Engineering

**BSc (Hons)**
Construction Management

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ GCE "O" Level နှင့် IGCSE အောင်မြင်ပြီးသူများအတွက် University of Bedfordshire, UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကမ္ဘာ့အဆင့်မီ Engineer ဘွဲ့များကို STI Myanmar University တွင် တက်ရောက် ရယူနိုင် ပါသည်။
ဂုဏ်ထူးတစ်ဘာသာလျှင် 300,000 ကျပ် (သုံးသိန်းကျပ်) ဂုဏ်ပြုပါမည်။

Admission Opens
Apply Today

- Building-10, MICT Park, University Hlaing Campus, Hlaing Township, Yangon. Tel: 09955 1234 48 ~ 49
- No.377,387/397, Upper Shwe Bon Thar St., Pabedan Township, Yangon. Tel: 09420 1831 55, 09420 1317 30
- B-15/16, Corner of 66th & Thazin Street, Chan Mya Tharzi Township, Mandalay. Tel: 09783 8000 62~64

https://www.facebook.com/STIMyanmarUni www.stiedu.net

---

### အများသိစေရန်ကြေညာချက်

[illegible]

---

### သားအဖြစ်မှ စွန့်လွှတ်ခြင်း

[illegible]

---

### အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

[illegible]

ဒေါ်တင်ရီ(၁၂/သဃက(နိုင်)၀၈၆၉၀၄)

---

### သုံးရာသီ (စမ္ပဒါန်)

[illegible]

---

### ကားငှားမည်

Alphard, Hiace ...
Ph: 09795549249, 09541812G
09-795546884

---

### လုပ်ငန်းသုံးခြံငှားမည်

လေးထောင့်ကန်လမ်း၊ အမှတ်(၂)လမ်းမကြီး၊ (၁၆) ရပ်ကွက်၊ မြောက်ဒဂုံ ပေ(၅၀×၈၀) ရေ၊ မီး၊ နတ်စင်မှတ်တိုင်အနီး။
ဖုန်း- ၀၉-၅၁၆၉၉၂၂

---

### Amazing Land Travels & Tours Co., Ltd.

[illegible]

---

### ရွှေလမ်းခရီး

[illegible]
26-7-18

---

## Columbus (ရုံးချုပ်) တနင်္ဂနွေနေ့တိုင်းဖွင့်ပြီ
နံနက် ၉:၀၀ မှ နေ့လည် ၁၂:၀၀ နာရီအထိ


www.columbusairticket.com

---

### KEMBANGAN - THUWUNNA AESTHETIC & WELLNESS CENTRE

- ခရုသင်း၊ သမင်ဖြူရောဂါများအတွက် အထူးတိုင်ပင်ဆွေးနွေးကုသခြင်း
- ဝက်ခြံ၊ တင်းတိတ်၊ မွဲခြောက်နှင့် အမာရွတ်အမျိုးမျိုးကုသခြင်း
- နှင်းခူရောဂါအမျိုးမျိုး၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာနှင့်
- အရေပြားရောဂါအမျိုးမျိုးကုသခြင်း




Kembangan-thuwunna
09 778527793 ,09 778527794 (ကမ်ဘန်ဂန်-သုဝဏ္ဏ)

---

### ရွှေဟင်္သာ

09 -5106146
09 -775106146

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

nurture preschool
like nurture tomorrow leaders!






Nurture Pre-School

Hlaing - 09-259198005,09-950699035 Tamwe - 01-549590,09-259198006 Sanchaung - 09-262963779-5 North Dagon - 09-259822220 Insein - 09-259822226-7

DECO-TBSP

ထိုင်းနိုင်ငံ၏ ထိပ်တန်း လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းနည်းပညာဖြင့်
မြန်မာနိုင်ငံ၏ ပထမဦးဆုံးနိုင်ငံတကာအဆင့် လုံခြုံရေးနည်းပညာပုံနှိပ်လုပ်ငန်း

"All Your Security Solutions"

The First International Security Printing Company in Myanmar

ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏
လုံခြုံရေးအမှတ်အသားပါ စာရွက်စာတမ်းများအတွက်

DECO-TBSP Products

**Security Documents**
- Business form / Continuous form
- Certificate
- Cheque / Passbook
- Gift Voucher / Postage stamp
- Pin Mailer
- ATM/POS rolls
- Thermal rolls / paper rolls
- Other security documents

**Cards**
- Bank card / Payment card
- Member card
- Transportation card
- Paper card
- Other Smart card

**Solutions**
- Brand Protection Solutions
- Digital Document Solutions
- Document Solutions and Management Services (DSMS)
- Information Management Solutions
- Security Management Solutions



Contact us : Myanmar DECO-TBSP Special Products Company Limited
Hlaing Thar Yar Township, Yangon. Email: info@decotbsp.com
Tel: 09 4578 97700, 09 4296 13319, 09 7888 50503, 09 507 6715

"သက်ရှည်ကျန်းမာလိုလျှင်"
ငွေနန်းထိုက်

Ph - 09 507 0157

လစာကောင်းသော အလုပ်အကိုင် ရှာဖွေနေသူများအတွက် သတင်းကောင်း

ပြည်တွင်း/ပြည်ပ အလုပ်အကိုင်များ လုပ်ကိုင်ရန်/အင်တာဗျူး ဖြေဆိုရန်အတွက် လိုအပ်သောလက်မှတ်ရ အခြေခံလုပ်ငန်းခွင် သင်တန်းများကို အချိန်တိုတွင်း အထူးသက်သာသော ဈေးနှုန်းဖြင့် စက်ရုံ့နိုင်ငံ၏ စံညွှန်းများအတိုင်း အတွေ့အကြုံရှိဝါရင့်ဆရာများမှ သင်ကြားပေးခြင်း၊ အကြံပေးခြင်းများ ပြုလုပ်ပေးနေပါသည်။

PTG Industral Training Academy
09-794237423, 09784333367

T-Shirt
650 850
Arr Kar Moe T Shirt Distribution
09454090685, 0945165567

GDC Modern Co.,Ltd.
Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် စေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budget အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။







- အကောင်းဆုံးအရည်အသွေး၊ လေလုံမှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ချေကိုက်စေမည့်

Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ ... ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၂၁၂)ရွှေဂုံတိုင်တာဝါအရှေ့ ရွှေဂုံတိုင်လမ်း။(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

တက်နေဝန်း
09-442076599
09-400448695
09-33100721

ENROL NOW

BAHAN INTERNATIONAL SCIENCE ACADEMY


# WEEKEND ENGLISH COURSE



Age : 6 to 18

"NATIVE ENGLISH SPEAKER"

- Cambridge Global English curriculum with an international approach
- Library with a variety of fictional and non-fictional books
- Original textbooks
- Experienced teachers
- Air-conditioned classrooms
- Interactive learning provided through active boards and fun class activities
- Small class size and individual attention
- Rewards for Public Speaking and Writing Contests



10% Discount in July

Starting Date : 5th August 2018

ENROL NOW TO GET SPECIAL PRESENTS !!!

CAMBRIDGE

/bahaninternationalscienceacademy

25, Po Sein Road, Bahan Tsp, Yangon. Ph: (01) 551795, 551796, 543828

---

မြစင်ရော်
အတောင်မိသေ

---

တက်လှ
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်။
09-261111549
09-257962225

---

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်သုံးပစ္စည်းဆိုင်သုံးများကို
ကားဆိုဒ်နှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-450093119
09-263119919
09-777565619

---

## ဝမ်းတော်ပြည့်ပညာဒါန

**L.C.C.I Level I & II စာရင်းကိုင်သင်တန်း**

စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလိပ်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။

သင်တန်းဖွင့်မည့်နေ့ ။ ၆-၈-၂၀၁၈ (တနင်္လာနေ့)ဖွင့်မည်။ (တန်းခွဲ ၂၃)

သင်တန်းချိန် ။ တနင်္လာ အင်္ဂါ ဗုဒ္ဓဟူး နံနက်(၈း၃၀)မှ(၁၁း၃၀)ထိ။

သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့်ဘုန်းတော်ကြီးကျောင်း တောင်ဥက္ကလာပမြို့နယ်သမုတ်တိုင်ပါရမီလမ်း အမှတ်(၃)ဝိုင်းဖုန်း-095410909, 095088264, 09795625290သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်းသွင်းတက်ရောက်သင်ယူနိုင်ပါသည်။

---

မြေကွက်များအရောင်းအဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း။ မြောက်ပိုင်း။ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်
● ဘိုးဘွားပိုင် ငွေချေမှုနှင့် ပြဿနာကင်းမဲ့ ●
မဥ္ဇူ Ph: 01-2339310, 01-2339355, 01-578044-01570721

---

Home

## ပါကေးအစားထိုး ကြမ်းခင်း

Grade နှင့် Quality
(အသုံး) စမ်းသပ်



Grade အမျိုးအစား

| Grade- A | Grade- C | Grade- D | Grade- E |
|---|---|---|---|
| 110,000 | 92,000 | 86,000 | 79,000 |

တစ်ကွင်းရေ(၁၈)ချပ် Floor Only (8" x 48")

* Stock Limit အတွင်းသာ *

အမှတ် F(2~8) ဗ-ဆယ်ပိုင်း ဆောင်ဆန်းတွင်း(မြောက်ဘက်တန်း) မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး ဘီအိုစီအမှတ်တိုင် သယ်ဖန်းကျွန်း ရန်ကုန်မြို့။
အမှတ်(၁၁) မင်းကြီးလမ်း အင်းစိန်ဈေးရှေ့ အင်းစိန်မြို့နယ် ရန်ကုန်မြို့။

09-950 950 950, 09-79 700 70 70

---

MTI

## Myanmar Technologies And Investment Corporation Limited

### ၂၀၁၇-၂၀၁၈ နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

Myanmar Technologies And Investment Corporation Limited (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)၏ ၂၀၁၇-၂၀၁၈ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အားလုံးတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၁၈-၈-၂၀၁၈ (စနေနေ့) |
| အချိန် | - | မွန်းလွဲ (၂း၀၀) နာရီ |
| နေရာ | - | Conference Hall, Main Building, MICT Park, Hlaing Township |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ (၃၇)အရ အစုရှယ်ယာရှင်မှတ်ပုံတင်စာအုပ်ကို (၁၆-၇-၂၀၁၈) ရက်နေ့မှ (၁၇-၈-၂၀၁၈) ရက်နေ့အထိ ပိတ်ထားပါမည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၂၃၀ ၅၂ ၅၅ သို့ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Myanmar Technologies And Investment Corporation Limited
အဆောက်အဦ (၁၆) အခန်း (၆၀၂) MICT Park လှိုင်မြို့နယ် ရန်ကုန်မြို့။
Email - officemticorp@gmail.com, office@mti.com.mm

---


GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

---

ဟာနီးဂူ ကိုရီးယားသင်တန်း
ကိုရီးယားတွင် တစ်လ(၁၅)သိန်း
အသသင်းအလုပ်လုပ်ချင်သူများအတွက် E.P.S
စာမေးပွဲသင်တန်းကြေး(၆)လမြတ် (၁)သိန်း
09-784899914, 09-784899915

---

ဆေးဖက်ဝင်အပင်ပေါင်း (၁၅၄၀) ၏ မြန်မာ၊ အင်္ဂလိပ်နှင့်ရုက္ခဗေဒအမည်တို့ကို ရောင်စုံဓာတ်ပုံများနှင့်တကွ စုံလင်စွာပြုစုထားသော...




## MEDICINAL PLANT LIST OF MYANMAR

(SECOND EDITION)

ဒေါက်တာခင်မောင်လွင် (FAME)

Ph: 01 368 2199, 368 5083, 368 5609

---

၂၅ နှစ်ကြာအောင်မြင်မှုရရှိထားပြီး ယုံကြည်စိတ်ချနိုင်ခြင်း

| | |
|---|---|
| ELEMENTARY-N5(Mon, Wed, Fri 9:30 AM ~ 11:40 AM) | - 45000 Ks Per 3 Months |
| ELEMENTARY-N5(Tue 9:30 AM ~ 11:40 AM/ Thurs 9:30 AM ~2:30 PM - 50mins Break) | - 45000 Ks Per 3 Months |
| N4 (Mon, Wed, Fri 9:30 AM~11:40AM) | - 45000 Ks Per 3 Months |
| N4 (Tue 9:30 AM ~ 2:30 PM<50mins Break>/Thurs 9:30 AM ~11:40 AM) | - 45000 Ks Per 3 Months |
| Conversation Classes (Level အလိုက်စကားပြောတန်းများ) | - 35000 Ks Per 3 Months |

Takadanobaba မြို့ (Little Yangon) တွင်



MYANMAR LOGOS JAPANESE LANGUAGE CENTRE

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**မောင်တော ဇူလိုင် ၁၇**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နှစ်နိုင်ငံညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခြင်းနှင့် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အထိ နယ်ခြားမှတ်တိုင် ၅၄ မှ ၅၅ အထိလည်းကောင်း၊ ဇူလိုင် ၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နယ်ခြားမှတ်တိုင် ၄၂ မှ ၄၃ အထိလည်းကောင်း၊ ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်မှ ၁၁ နာရီခွဲအထိ နယ်ခြားမှတ်တိုင် ၄၃ မှ ၄၄ အထိလည်းကောင်း၊ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ ၁၀ နာရီ ၃၅ မိနစ်အထိ နယ်ခြားမှတ်တိုင် ၄၆ မှ ၄၇ အထိလည်းကောင်း၊ နံနက် ၉ နာရီခွဲမှ

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**



မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်မှု ဆောင်ရွက်ကြစဉ်။

## (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ ၁၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ မြဝတီ (MWD)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MRTV Webportal Facebook Page မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သစ္စာအားမာန်က ဇွဲကပင်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ



သစ္စာအားမာန်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၀)ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက ဇွဲကပင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။

ခြေစွမ်းသိသိသာသာတိုးတက်လာသည့် ဇွဲကပင်အသင်းကစားပုံကြောင့် သစ္စာအားမာန်အသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ၅၆ မိနစ်မှ အဖွင့်ဂိုးရခဲ့ပြီး ခင်မိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် သစ္စာအားမာန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၆၇ မိနစ်တွင် နော်အားလိုဝါးဖော၊ ၉၀+၂ မိနစ်တွင် ခင်မိုမိုထွန်းတို့က သွင်းယူခဲ့သည်။

သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် လက်ရှိချန်ပီယံ မြဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ပွဲစဉ်(၁၀) ဒုတိယနေ့ကို ဇူလိုင် ၁၈ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

## ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးခြေစစ်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဂျပန်နိုင်ငံ၌ ကျင်းပမည့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲမှ စတင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် လေ့ကျင့်မှုရပ်နားထားပြီး ဇူလိုင် ၁၇ ရက်တွင် ပြန်လည်ကျင်းပလျက်ရှိသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲ၌ ခြေစွမ်းပြနေသည့်ကစားသမားများဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲအတွက် ဆီဒင်သတ်မှတ်ရာတွင် မြန်မာအသင်းသည် Pot-1 ၌ ပါဝင်နေပြီး ဂျော်ဒန်၊ တရုတ်(တိုင်ပေ)၊ အီရန်အသင်းတို့နှင့် ပါဝင်နေသည်။ Pot-2 တွင် အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ Pot-3 တွင် ယူအေအီး၊ ပါလက်စတိုင်း၊ စင်ကာပူ၊

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖**